COLGATE-PALMOLIVE

# ကျင့်ဝတ် ဥပဒေ

## ကျွန်ုပ်တို့ တန်ဖိုးထားသည့်အတိုင်း နေထိုင်ခြင်း



ဂရုတစိုက်ရှိခြင်း | ကမ္ဘာလုံးဆိုင်ရာအသင်းအဖွဲ့ | စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု

# ကျွန်ုပ်တို့၏ ဥက္ကဋ္ဌနှင့် စီအီးအိုထံမှ အမှာစကား

ကျွန်ုပ်တို့၏အောင်မြင်မှုအုတ်မြစ်နှင့်အတူ လူ့ကျင့်ဝတ်ဆိုင်ရာအပြုအမူသည်လည်း အရေးကြီးလာရပါသည်။ ကျွန်ုပ်တို့၏တန်ဖိုးများဖြစ်သည့် ဂရုတစိုက်ရှိခြင်း၊ ကမ္ဘာလုံးဆိုင်ရာ အသင်းအဖွဲ့နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ Colgate ၏ဖြောင့်မတ်မှုဂုဏ်သိက္ခာသည် ပြိုင်ဆိုင်မှုအကျိုးရလဒ်နှင့် ခိုင်မာမှုအရင်းအမြစ်တစ်ခုဖြစ်လာရပါသည်။ ယနေ့တွင် စျေးဝယ်သူများသည် ၎င်းတို့ဝယ်ယူအသုံးပြုသည့်ပစ္စည်းထုတ်လုပ်သူများထံမှ လူ့ကျင့်ဝတ်ဆိုင်ရာ အပြုအမူများကို လိုလားတောင်းဆိုကြသည်။ လက်လီရောင်းသူများသည်လည်း ၎င်းတို့၏လက်ကားဖြန့်ဖြူးသူများထံမှ ထို့နည်းတူစွာ လိုလားတောင်းဆိုကြသည်။ ရှယ်ယာကိုင်ဆောင်သူများသည်လည်း ၎င်းတို့ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများထံမှ အလားတူလိုလားတောင်းဆိုကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်တိုင်လည်း တစ်ဦးနှင့်တစ်ဦး လူ့ကျင့်ဝတ်ဆိုင်ရာအပြုအမူများကို လိုလားတောင်းဆိုရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ကျင့်ဝတ်ဥပဒေသည် Colgate ဝန်ထမ်းများ၏ တန်ဖိုးများကို စည်းမျဉ်းစည်းကမ်းများနှင့် ထင်ဟပ်စေပြီး လူ့ကျင့်ဝတ်ဆိုင်ရာအပြုအမူ အဆင့်အတန်းများကို သတ်မှတ်ပေးခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော် ရှိပြီဖြစ်ပါသည်။ ကျွန်ုပ်တို့၏တန်ဖိုးများနှင့် စည်းမျဉ်းစည်းကမ်းများ ကြာရှည်ခိုင်မြဲနေသည်မှာ ပြောင်းလဲနေသောစီးပွားရေးဆက်စပ်မှုများနှင့်အညီ ကျွန်ုပ်တို့၏ကျင့်ဝတ်ဥပဒေကို အချိန်မှန်အသစ်ပြုလုပ်ပေးနေသောကြောင့်ဖြစ်သည်။ Colgate ဝန်ထမ်းများအနေနှင့် ကမ္ဘာ၏မည်သည့်နေရာတွင် အလုပ်လုပ်သည်ဖြစ်စေ အပြုအမူနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့၏ကျင့်ဝတ်ဥပဒေနှင့် အမြဲကိုက်ညီလုပ်ဆောင်ရမည့် တာဝန်ရှိပါသည်။

Colgate မိသားစုအဖွဲ့ဝင်တစ်ဦးအနေနှင့် ကျွန်ုပ်တို့၏ကျင့်ဝတ်ဥပဒေကိုနားလည်ဖတ်ရှုပြီး အပြည့်အဝကိုက်ညီအောင် လုပ်ဆောင်ရန်အရေးကြီးပါသည်။ ကျွန်ုပ်တို့၏အလုပ်ဆိုင်ရာဆုံးဖြတ်ချက်များ သို့မဟုတ် အလုပ်ကိုသက်ရောက်စေသည့် ကိုယ်ရေးကိုယ်တာဆုံးဖြတ်ချက်များကို အမြင့်မားဆုံးလူ့ကျင့်ဝတ်အဆင့်အတန်းနှင့် ကြာရှည်ခိုင်မာမှုအပေါ်မူတည်ပြီး ကျွန်ုပ်တို့ကိုယ်တိုင်တာဝန်ယူချမှတ်ပါသည်။ Colgate ဝန်ထမ်းများအနေနှင့် ကျွန်ုပ်တို့၏ကျင့်ဝတ်ဥပဒေ၊ ပေါ်လစီ၊ အသုံးချဥပဒေရပ်များနှင့်ပတ်သက်ပြီး အငြင်းပွားဖွယ်ဖြစ်စေသည့် အပြုအမူများကို "ဖွင့်ဟပြောဆို" ရန် မျှော်လင့်ပါသည်။

Colgate ဝန်ထမ်းများအနေနှင့် စီးပွားရေးရလဒ်များ၏အရေးပါမှုကိုသိရှိပြီး ၎င်းရလဒ်များတွင်ကြီးမားသည့် ဂုဏ်သိက္ခာဖြစ်စေပါသည်။ ဤနည်းအားဖြင့် ယင်းရလဒ်များရရှိအောင်လုပ်ဆောင်ပါသည်။

စဉ်ဆက်မပြတ်စီးပွားရေးအောင်မြင်မှုအတွက် အရေးပါသော ကျွန်ုပ်တို့၏ကုမ္ပဏီ၊ တန်ဖိုးများနှင့် လူ့ကျင့်ဝတ်ဆိုင်ရာအပြုအမူများအပေါ် ဆက်လက်ကတိပြုထားသည့်အတွက် ကြိုတင်ကျေးဇူးတင်ရှိပါသည်။



**Noel Wallace**
ဥက္ကဋ္ဌနှင့် စီအီးအို

# မာတိကာ


- ကျင့်ဝတ်ဥပဒေအကြောင်း 4
- လူ့ကျင့်ဝတ်နှင့်ဆိုင်သော ဆုံးဖြတ်ချက်ချရန် မေးခွန်းများ 5

## ကျွန်ုပ်တို့၏ တန်ဖိုးများနှင့် တာဝန်ယူမှုများ

- ကျွန်ုပ်တို့တန်ဖိုးထားသည့်အရာများနှင့်နေထိုင်ခြင်း 7
- လေးစားမှုနှင့်စီမံခန့်ခွဲခြင်း 8
- ကျင့်ဝတ်ဥပဒေအတွက် ကျွန်ုပ်တို့၏တာဝန်ယူမှု 9

## ကျွန်ုပ်တို့၏ဆက်ဆံရေးများ

- ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးဆက်ဆက်ရေး 12
- ကုမ္ပဏီနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး 15
- ကျွန်ုပ်တို့၏ ဒါရိုက်တာ ဘုတ်အဖွဲ့နှင့် ဆက်ဆံရေး 24
- ပြင်ပ စီးပွားရေးလုပ်ငန်းရပ်များနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး 25
- စျေးဝယ်များနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး 28
- အစိုးရ၊ ဥပဒေနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး 30
- လူ့အဖွဲ့အစည်းနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး 37
- ပတ်ဝန်းကျင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး 39
- ရှယ်ယာကိုင်ဆောင်သူများနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး 41
- လိုက်နာရမည့်စည်းကမ်းများအတွက် ကျွန်ုပ်တို့၏တာဝန်ယူမှု 42

## ဖွင့်ဟပြောဆို

- စိတ်ပူစရာဖြစ်ရပ်များကို ကျွန်ုပ်တို့ ဖွင့်ဟပြောဆို ရပါမည် 44

# ကျင့်ဝတ်ဥပဒေအကြောင်း

ကျွန်ုပ်တို့ Colgate ၏ လိုက်နာရမည့် စည်းမျဉ်းများသည် ကျွန်ုပ်တို့၏နေ့စဉ် လုပ်ငန်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများသည် သမာဓိရှိစွာ ဆောင်ရွက်ကြောင်း သေချာစေရန် အရေးကြီးသည့် ရင်းမြစ်များအဖြစ် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းဆိုင်ရာ ရလဒ်များကို ရယူသည့် နည်းများမှာ အရေးပါကြောင်း ကျွန်ုပ်တို့တစ်ဦးချင်းစီအား စည်းမျဉ်းများက ရှင်းလင်းစွာ ပြောပြပါသည်။ စည်းမျဉ်းများသည် ဒါရိုက်တာများ၊ အရာရှိများနှင့် ကုမ္ပဏီနှင့် ၎င်း၏အခွဲရှိ ဝန်ထမ်းအားလုံး အပါအဝင် အားလုံးသော Colgate ဝန်ထမ်းများအပေါ် သက်ရောက်မှုရှိပါသည်။ Colgate နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် Colgate နှင့် ပြင်ပအဖွဲ့အစည်းများလိုက်နာရန် ကျင့်ဝတ်ဥပဒေများသတ်မှတ်ထားရာ အရောင်းသမားများနှင့် ပစ္စည်းပံ့ပိုးသူများအနေနှင့်လည်း ထိုသတ်မှတ်ချက်များကိုလိုက်နာရန်လိုအပ်ပါသည်။

ဝန်ထမ်း တစ်ဦးချင်းစီသည် စည်းမျဉ်း၊ ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ချက်များ၊ ကုမ္ပဏီ မူဝါဒများနှင့် ပြဋ္ဌာန်းထားသော ဥပဒေအားလုံး အတိုင်း လိုက်နာခြင်းဖြင့် သမာဓိနှင့် ခေါင်းဆောင်မှုတို့ကို ဖော်ပြရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းဆိုင်ရာ လက်ရှိဆက်ဆံရေးများနှင့် ဆုံးဖြတ်ချက် ချမှတ်မှုများတွင် ကျင့်ဝတ်ညီညွတ် ပြည့်စုံ၍ သမာဓိရှိစွာ ဆောင်ရွက်မှုဖြင့် အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းများ ဖွံ့ဖြိုးစေသည့် အလေ့အထတစ်ခုကို ဖော်ဆောင်ရန် ခံယူထားကြောင်း ပြသပါသည်။

စည်းမျဉ်းများ သို့မဟုတ် မည်သည့် Colgate နှင့်ပတ်သက်သော မူဝါဒ သို့မဟုတ် လုပ်ထုံးလုပ်နည်း မဆိုအား နားလည်အောင်ပြုခြင်း သို့မဟုတ် လိုက်နာရန်ပြုခြင်းတွင် မေးစရာများ သို့မဟုတ် ပြဿနာများ ရှိလာပါက၊ အခြေအနေကို သင့်မန်နေဂျာ၊ လူသားရင်းမြစ်၊ ကမ္ဘာလုံးဆိုင်ရာ ဥပဒေရေးရာ အဖွဲ့အစည်းများ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု အဖွဲ့အစည်းတို့ဖြင့် ဆွေးနွေးသင့်ပါသည်။

အမြင့်မားဆုံး ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းထားရှိရန်နှင့် မသင့်လျော်သော သို့မဟုတ် ဥပဒေနှင့်မညီညွတ်သော အပြုအမူများကင်းစင်ပြီး လူအများသည် လက်စားချေတုန့်ပြန်ခံရမည်ကို မကြောက်ဘဲ မိမိတို့၏ ပြဿနာများအား ကုမ္ပဏီနှင့် မျှဝေရန် အားပေးထားသည့် လုပ်ငန်းခွင်တစ်ခုကို ဖန်တီးရန်မှာ Colgate ၏ မူဝါဒနှင့် ဆောင်ရွက်မှုများ ဖြစ်ပါသည်။ နောက်ဆက်တွဲအနေဖြင့် Colgate တွင် တိုင်ကြားမှုပြုလုပ်သည့် ဆောင်ရွက်ချက် သို့မဟုတ် ပေးအပ်သည့် သတင်းအချက်အလက်သည် တမင်မှားယွင်းခြင်း သို့မဟုတ် စိတ်ကောင်းစေတနာ ဖြင့်ပြုလုပ်ခြင်းတို့ မဟုတ်ကြောင်း မတွေ့ရှိခဲ့လျှင် ကုမ္ပဏီ၏ စည်းမျဉ်း၊ ကုမ္ပဏီ၏ မူဝါဒ သို့မဟုတ် လိုက်နာရမည့် ဥပဒေအား ဖောက်ဖျက်ခြင်းကြောင်း သံသယရှိသည့် စုံစမ်းစစ်ဆေးမှုတွင် တိုင်ကြားခြင်း၊ သတင်းပေးပို့ခြင်း၊ ပါဝင်ခြင်း သို့မဟုတ် ကူညီခြင်း ပြုသူ မည်သည့် ဝန်ထမ်း၊ ဝန်ထမ်းဟောင်း၊ ကိုယ်စားလှယ် သို့မဟုတ် ပြင်ပလူပုဂ္ဂိုလ်တို့မဆို အား ဆိုးကျိုးများ ပေါ်ပေါက်လာမည် မဟုတ်ပါ။ ဖြစ်နိုင်သည့် အမြင့်ဆုံးအတိုင်းအတာ အထိ Colgate သည် အားလုံးသော တိုင်ကြားမှုများကို လျှို့ဝှက်စွာ ထားရှိသွားပါမည်။ လက်တုန့်ပြန်မှုအား တိုင်ကြားမှုအားလုံးကို စုံစမ်းစစ်ဆေးပြီး အကယ်၍လိုအပ်လျှင် အလုပ်မှ ရပ်ဆိုင်းခြင်း အထိပါဝင်သော စည်းကမ်းရေးရာ ဆောင်ရွက်မှုများ ပြုလုပ်ပါမည်။

စည်းမျဉ်းအား အွန်လိုင်းတွင်ရရှိနိုင်ပြီး ဘာသာစကားပေါင်း လေးဆယ်အထိ ပြန်ဆိုထားပါသည်။ Colgate ဝန်ထမ်းများသည် စည်းမျဉ်းအားဖတ်ရှုနားလည်ပြီး လိုက်နာရန်လိုအပ်ပါသည်။ ကတိပြုထားသည့်အတိုင်း အင်တိုက်အားတိုက်လုပ်ဆောင်ရန် Colgate ဝန်ထမ်းများအနေနှင့် ကျင့်ဝတ်ဥပဒေသင်တန်းများကိုတက်ရောက်ပြီး နှစ်စဉ်ပြုလုပ်သော ကျင့်ဝတ်ဥပဒေများကို အသိအမှတ်ပြုလိုက်နာရပါသည်။

မေးခွန်းများပေါ်ပေါက်လာပါက ကောင်းမွန်သော သုံးသပ်ခြင်းနှင့် လမ်းညွှန်မှုကို ရှာဖွေခြင်းတို့ဖြင့် စည်းမျဉ်းကို လိုက်နာခြင်းအား ပိုမိုလွယ်ကူစေပါသည်။ တစ်စုံတစ်ခုအား မသေချာဖြစ်နေပါက၊ သင့်ကိုယ်သင် အောက်ပါတို့ကို မေးမြန်းပါ-

# လူ့ကျင့်ဝတ်နှင့်ဆိုင်သော ဆုံးဖြတ်ချက်ချရန် မေးခွန်းများ

**မေးခွန်း-**
ဒါလုပ်ဖို့ ငါ့မှာ လုပ်ပိုင်ခွင့်ရှိရဲ့လား။

**မေးခွန်း-**
ငါလမ်းပြန်မှုနာပေးမှ ဟုတ်ရဲ့လား။

**မေးခွန်း-**
ဆောင်ရွက်မှုဟာ မှန်ကန်တဲ့ကိစ္စဟုတ်ရဲ့လား။

**မေးခွန်း-**
ဆောင်ရွက်မှုဟာ တရားဝင်ပြီး ငါတို့ရဲ့ တန်ဖိုးထားတဲ့အရာတွေ၊ လိုက်နာရမယ့် စည်းမျဉ်း၊ လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်ချက်နဲ့ အခြားမူဝါဒတွေနဲ့ ကိုက်ညီရဲ့လား။

**မေးခွန်း-**
ငါလေးစားရတဲ့ တစ်စုံတစ်ယောက်ကို ဒီဆောင်ရွက်မှုကို ငါသတင်းပေးပို့လိုက်လို့ ငါ့ကိုယ်ငါ ဂုဏ်ယူမလား။

**မေးခွန်း-**
ဒီဆောင်ရွက်မှုဟာ Colgate ဟာ ကျင့်ဝတ်နဲ့ညီတဲ့ ကုမ္ပဏီအဖြစ် ဂုဏ်သိက္ခာကို တိုးပွားစေမှာလား။

**မေးခွန်း-**
ငါဟာ အမြင့်ဆုံးကျင့်ဝတ် စံနှုန်းများကို သရုပ်ဖော်ပြနေရဲ့လား။

အဖြေ-

ဟုတ်တယ်၊ ဆက်လုပ်ပါ။

မဟုတ်၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု တို့ဖြင့် ဆွေးနွေးပါ။

# ကျွန်ုပ်တို့၏တန်ဖိုးများနှင့် တာဝန်ယူမှုများ

# ကျွန်ုပ်တို့ တန်ဖိုးထားသည့်အတိုင်း နေထိုင်ခြင်း

**ကျွန်ုပ်တို့ Colgate ၏ တန်ဖိုးထားဆောင်ရွက်နေသည့် ဂရုစိုက်ခြင်း၊ ကမ္ဘာအနှံ့ သင်းဖွဲ့ဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်မှုတို့ဖြင့် နေထိုင်နေခြင်းဖြင့် လူအများ အသင်းအဖွဲ့ကဲ့သို့ ဆောင်ရွက်မှု၊ တူညီသော ရည်မှန်းချက်များဆီသို့ အတူတကွ အလုပ်လုပ်ကိုင်ခြင်း တို့ဟူသည့် အလေ့အကျင့်ကို ဖန်တီးပါသည်။ Colgate ၏ အခြေခံ တန်ဖိုးသုံးခုမှာကျွန်ုပ်တို့ လုပ်ကိုင်သမျှ၏ အစိတ်အပိုင်းဖြစ်ပါသည်။**



## ဂရုစိုက်ခြင်း

ကုမ္ပဏီသည် လူများအပေါ် ဂရုစိုက်ပါသည်- Colgate ဝန်ထမ်းများ၊ ဖောက်သည်များ၊ ဝယ်ယူသုံးစွဲသူများ၊ ရှယ်ယာကိုင်ဆောင်သူများနှင့် စီးပွားဖက်များ။ ကျွန်ုပ်တို့ကုမ္ပဏီသည် အားလုံးသော အခြေအနေတို့တွင် အခြားသူများကို တလေးတစားဖြင့် နားထောင်နိုင်ရန်နှင့် ကွဲပြားမှုများကို တန်ဖိုးထားနိုင်ရန် မြတ်နိုးမှု၊ ဂုဏ်သိက္ခာ၊ ရိုးသားမှုနှင့် အမြင့်ဆုံး လူ့ကျင့်ဝတ်စံနှုန်းတို့ဖြင့် ဆောင်ရွက်ရန် ဆုံးဖြတ်ထားပါသည်။ ကုမ္ပဏီအနေနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ကိုကာကွယ်ရန်၊ Colgate နှင့်သက်ဆိုင်သောသူများ နေထိုင်လုပ်ကိုင်သည့်လူ့အဖွဲ့အစည်းများ ကို မြှင့်တင်ပေးရန်နှင့် စည်းမျဉ်းစည်းကမ်းဥပဒေအားလုံး ကိုလိုက်နာရန် ကတိပြုပါသည်။



## ကမ္ဘာအနှံ့ သင်းဖွဲ့ဆောင်ရွက်မှု

အားလုံးသော Colgate ဝန်ထမ်းများသည် ကမ္ဘာ့အသင်းအဖွဲ့ဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ကမ္ဘာတစ်ဝှမ်း နိုင်ငံများတွင် အတူတကွ လုပ်ကိုင်ရန် ဆုံးဖြတ်ထားပါသည်။ အတွေးအခေါ်များ၊ နည်းပညာများနှင့် ကျွမ်းကျင်မှုများ ဝေမျှခြင်းဖြင့်သာ ကုမ္ပဏီသည် အောင်မြင်လာပြီး ရေရှည်တည်တံ့သည့် အကျိုးအမြတ်တိုးပွားမှု ဖြစ်လာပါမည်။



## စဉ်ဆက်မပြတ် တိုးတက်မှု

Colgate ကနေ့စဉ်နှင့်အမျှ လူတစ်ဦးချင်းစီ အပြင် အဖွဲ့များအနေနှင့်ပါ ပိုမိုကောင်းမွန်လာစေရန် ဆုံးဖြတ်ထားပါသည်။ ကျွန်ုပ်တို့၏ကုမ္ပဏီသည် စျေးဝယ်များနှင့် ဖောက်သည်များ၏ လိုလားတောင့်တချက်များကို ပိုမိုနားလည်ခြင်းအားဖြင့်လည်းကောင်း၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်ချက်အဆင့်များကို ဆန်းသစ်တိုးတက်လာစေရန် စဉ်ဆက်မပြတ်အလုပ်လုပ်ခြင်း ဖြင့်လည်းကောင်း အောင်မြင်လာရပါသည်။

# လေးစားမှုဖြင့် စီမံခန့်ခွဲခြင်း

**လေးစားမှုဖြင့် စီမံခန့်ခွဲခြင်း** ဟူသည်မှာ Colgate ဝန်ထမ်းများက ကုမ္ပဏီ၏တန်ဖိုးများကို သက်ဝင်လာအောင်ပြုသည့် နည်းလမ်းဖြစ်ပါသည်။

လူတိုင်းလွတ်လပ်စွာ အကြံပြုချက်များတင်သွင်း၊ အတွေးအခေါ်များဝေမျှနိုင်ပြီး အဖွဲ့အစည်းနှင့်အတူယှဉ်တွဲပါဝင်နိုင်သည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးပါသည်။

**လေးစားမှုဖြင့် စီမံခန့်ခွဲခြင်း**လူတစ်ဦးနှင့်တစ်ဦး စိတ်ရင်းနှင့်ဂရုစိုက်သော၊ လုပ်ငန်းအခွင့်အလမ်းများအပြည့်အဝရရှိအောင် အတူယှဉ်တွဲအလုပ်လုပ်ကိုင်ကြသော အလုပ်ခွင်ပတ်ဝန်းကျင်တစ်ခုကို ထင်ဟပ်စေပါသည်။

**လေးစားမှုဖြင့် စီမံခန့်ခွဲခြင်း**စည်းမျဉ်းစည်းကမ်းများမှာ-

1. ထိရောက်စွာဆက်သွယ်ပြောဆိုမှုပြုလုပ်ပါ
2. တုံ့ပြန်မှုကိုရှာဖွေ တင်ပြပါ
3. တမူထူးခြားသော ပါဝင်အကြံပြုခြင်းများကိုတန်ဖိုးထားပါ
4. အသင်းအဖွဲ့အလုပ်ကိုအားပေးမြှင့်တင်ပါ
5. နမူနာပြပါ

# ကျင့်ဝတ်ဥပဒေအတွက် ကျွန်ုပ်တို့၏တာဝန်ယူမှု

## COLGATE ဝန်ထမ်းများအားလုံး၏ အခန်းကဏ္ဍ-

- ခိုင်မာမှု၊ လူ့ကျင့်ဝတ်အပြုအမူနှင့် အမှန်လုပ်ဆောင်ရန်ကတိပြုမှုတို့အပေါ်အခြေခံသော ကျွန်ုပ်တို့၏ယဉ်ကျေးမှုဓလေ့ကိုထိန်းသိမ်းရန် Colgate ၏တန်ဖိုးများနှင့် လေးစားမှုအပေါ်အခြေခံသော စီမံခန့်ခွဲခြင်းဆိုင်ရာစည်းမျဉ်းများအတိုင်း လိုက်နာနေထိုင်ပါ။
- အမြင့်မားဆုံးလူ့ကျင့်ဝတ်စံနှုန်းများကိုထိန်းသိမ်းပြီး လူ့ကျင့်ဝတ်ဆိုင်ရာခေါင်းဆောင်မှုကိုပုံဖော်ပါ။
- သင်၏လုပ်ငန်းခွင်ပတ်ဝန်းကျင်ကိုနားလည်ပါ။ Colgate ပေါ်လစီများနှင့် ကျင့်ဝတ်မူဝါဒများကိုလိုက်နာပါ။
- သင်နှင့်သင်၏လုပ်ဖော်ကိုင်ဖက်များကို လူ့ကျင့်ဝတ်အပြုအမူအတွက်တာဝန်ခံဆောင်ရွက်ပါ။
- လူ့ကျင့်ဝတ်အပြုအမူကိုမြှင့်တင်ရန် ပွင့်လင်းစွာပြောဆိုပါ။ Colgate ပေါ်လစီများ သို့မဟုတ် ကျင့်ဝတ်မူဝါဒများနှင့် သဘောထားကွဲလွဲမှုဖြစ်ပွားစေသော အပြုအမူများကိုစိန်ခေါ်ဖြေရှင်းပါ။
- အကယ်၍မသေချာပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့အစည်း သို့မဟုတ် ကမ္ဘာ့လူ့ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းဥပဒေအဖွဲ့အစည်းမှ အကောင်းဆုံးအကြံဉာဏ်ပေးနိုင်မည့်သူတစ်ဦးဦး သို့မဟုတ် သင်၏ လူ့စွမ်းအားအရင်းအမြစ်မန်နေဂျာနှင့် ဆွေးနွေးတိုင်ပင်ပါ။

---

**မှတ်သားရန်မှာ-** သင်၏လူ့ကျင့်ဝတ်ဆိုင်ရာခေါင်းဆောင်မှုသည် ကုမ္ပဏီ၏ဂုဏ်သိက္ခာခိုင်မာမှုကို ထိန်းသိမ်းရန်အထူးအရေးကြီးပါသည်။


## COLGATE မန်နေဂျာဝန်ထမ်းများ၏ အခန်းကဏ္ဍ-


ကျွန်ုပ်တို့သည် ကောင်းမွန်သောဆုံးဖြတ်ချက်မှုများပြုလုပ်ခြင်းနှင့် နမူနာပြခြင်းခြင်းအား Colgate မန်နေဂျာများကို တာဝန်သိစွာဦးဆောင်စေလိုပါသည်။ Colgate မန်နေဂျာများအနေနှင့် တာဝန်ယူမှုများမှာ-


- စံပြနမူနာဖြစ်သူ၏ ခေါင်းဆောင်မှုသည် ကျွန်ုပ်တို့ အလေးထားသောယဉ်ကျေးမှု၊ လေးစားမှု၊ စီမံခန့်ခွဲခြင်းနည်းလမ်းများနှင့် လူ့ကျင့်ဝတ်အပြုအမူများကို ထင်ဟပ်စေပါသည်။
- လူ့ကျင့်ဝတ်တန်ဖိုးများ၏ အရေးကြီးပုံနှင့် လူ့ကျင့်ဝတ်အပြုအမူအပေါ် ကုမ္ပဏီ၏ကတိပြုခြင်းတို့ကို ထပ်ဖန်တလဲလဲထပ်လောင်းပြောဆိုပါ။
- သံသယဖြစ်ဖွယ် မဆီလျော်သော လုပ်ဆောင်မှုကို သင့်ထံတိုက်ရိုက်အစီအရင်ခံစာများတင်ရန်ရှင်းလင်းစွာဆက်သွယ်ပြောဆိုပြီး တံခါးဖွင့်မူဝါဒကိုဆက်လက်ထိန်းသိမ်းပါ။
- အချို့ဝန်ထမ်းများသည် လက်စားချေခြင်းကိုကြောက်ရွံ့ခြင်းနှင့်ပတ်သက်ပြီးစိတ်ပူပန်မှုရှိကြောင်း၊ ကုမ္ပဏီ၏ လက်တုံ့ပြန်မှု မရှိသော ပေါ်လစီကို ထပ်မံအခိုင်အမာထားရှိကြောင်း မှတ်သားရပါသည်။
- သင်တာဝန်ယူထားရသောနယ်ပယ်တွင်ဖြစ်ပေါ်လာနိုင်သော လူ့ကျင့်ဝတ်ဆိုင်ရာအကျပ်ရိုက်ခြင်းများကို ကြိုတင်တွက်ထားပါ။ မျက်စိဖွင့်နားစွင့်ထားပါ။
- အကယ်၍မသေချာပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့အစည်း သို့မဟုတ် ကမ္ဘာ့လူ့ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းဥပဒေအဖွဲ့အစည်းမှ အကောင်းဆုံးအကြံဉာဏ်ပေးနိုင်မည့်သူတစ်ဦးဦး သို့မဟုတ် သင်၏ လူ့စွမ်းအားအရင်းအမြစ်မန်နေဂျာနှင့် ဆွေးနွေးတိုင်ပင်ပါ။

**မန်နေဂျာများ ပွင့်လင်းစွာ ပြောဆိုခြင်းအတွက် လမ်းညွှန်**အတွက် ourcolgate.com သို့မဟုတ် လူ့ကျင့်ဝတ်နှင့်စည်းမျဉ်းလိုက်နာခြင်းဆိုင်ရာ အက်ပလီကေးရှင်းမှတစ်ဆင့် လူ့ကျင့်ဝတ်များနှင့်စည်းမျဉ်းလိုက်နာခြင်းဆိုင်ရာ ဝက်ဘ်စာမျက်နှာများတွင်ရှိသော အွန်လိုင်းဗီဒီယိုများကိုကိုးကားပြီး နောက်ထပ်သတင်းအချက်အလက်များကိုရယူပါ။

## အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းထားခြင်း- သင်ယူပါ၊ လုပ်ဆောင်ပါ၊ ဖွင့်ဟပြောဆိုပါ



# ကျွန်ုပ်တို့၏ ဆက်ဆံရေးများ

# တစ်ဦးနှင့်တစ်ဦးဆက်ဆံရေး

**ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးဆက်ဆံရေးသည် အလေးထားခြင်း၊ နှစ်ဦးနှစ်ဘက်ယုံကြည်မှုနှင့် လေးစားမှုတို့ကိုအခြေခံပြီး အဓိကကျသောတန်ဖိုးများကိုထင်ဟပ်စေပါသည်။**

## အောင်မြင်သော လုပ်ငန်းခွင်ဆက်ဆံရေး ရရှိစေရန် ကျွန်ုပ်တို့ ကြိုးပမ်းကြပါသည်

Colgate တွင် ကျွန်ုပ်တို့ ဝန်ထမ်းများ၏ ခိုင်မာသော ခံယူချက်ဖြင့် ဆောင်ရွက်မှုနှင့် ၎င်းခံယူချက်မှ ရရှိလာသော ထူးကဲသည့် အောင်မြင်မှုများကို ဂုဏ်ယူပါသည်။ သို့သော်လည်း ထိုခံယူချက်မှာ ယုံကြည်မှု၊ ပွင့်လင်းမှုနှင့် ရိုးသားသော ဆက်သွယ်ပြောဆိုခြင်းတို့အပြင် လေးစားမှု တို့ရှိမှသာ ရရှိမည် ဖြစ်ပါသည်။ သင့်လုပ်ဖော်ကိုင်ဖက်များ၊ သင့်တိုက်ရိုက် သတင်းပို့ရသူများနှင့် သင့်ကိုကြီးကြပ်ပေးသူများဖြင့် ပြောဆိုဆက်ဆံရာတွင် လုပ်ဖော်ကိုင်ဖက် စိတ်ဓာတ်ဖြင့် ဆက်ဆံသင့်ပါသည်။ ထိုသို့ ဆက်ဆံရာတွင် တစ်ဦးချင်းစီ၏ အပြုအမူတို့ကို အမြင့်ဆုံးကျင့်ဝတ်စံနှုန်းကို ထိန်းသိမ်းထားရန် စိတ်အားထက်သန်သော ခံယူချက်ဖြင့် ထိန်းကွပ်ထားရပါမည်။

သူ သို့မဟုတ် သူမ၏တာဝန်ခံမှုများကို ၎င်းတို့တစ်ဦးစီဖြည့်ဆည်းရမည်ဖြစ်ပြီး အခြားသူများသည်လည်း ထိုနည်းတူလုပ်ဆောင်ကြောင်း သေချာသည်ဟု ခံစားရပါမည်။ အခြားသူများကို အလုပ်ပြီးမြောက်စေရန် လိုအပ်သောအားပေးထောက်ခံမှုရှိခြင်းကိုဆိုလိုပါသည်။

သင်နှင့်အတူအလုပ်တွဲလုပ်သူများနှင့် သင်၏ဆက်ဆံရေးသည် သင့်တင့်လျောက်ပတ်ခြင်း၊ မျှတမှုရှိခြင်း၊ ခိုင်မာမှုရှိခြင်းနမူနာပြခြင်းအားဖြင့် လူ့ကျင့်ဝတ်အပြုအမူကိုပိုမိုမြင့်မားစေသင့်ပါသည်။ ခေါင်းဆောင်များအနေဖြင့်၊ ကျွန်ုပ်တို့အားလုံးသည် စံနှုန်းမြင့်ဆောင်ရွက်မှုများ ထားရှိခြင်းနှင့် သင်းဖွဲ့ဆောင်ရွက်မှု၊ လေးစားမှုနှင့် ကျင့်ဝတ်နှင့်ညီသော အပြုအမူတို့ကို တိုးတက်စေသည့် လုပ်ငန်းခွင်ဝန်းကျင်ကို ဖန်တီးရန် တာဝန်ရှိကြပါသည်။

## ကျွန်ုပ်တို့သည် ပွင့်လင်းပြီး ရိုးသားသော ပြောဆိုခြင်းများကို အားပေးပါသည်

ကျွန်ုပ်တို့သည် ဆန်းသစ်တီထွင်သောအတွေးအခေါ်ကို အားပေးပါသည်။ အကယ်၍သင်သည် ကြီးကြပ်သူဖြစ်ပါက သင်၏လက်အောက်ငယ်သားတစ်ဦးစီ၏ တစ်မူထူးခြားသော ပါဝင်အကြံပြုခြင်းများကို တန်ဖိုးထားပါ။ ၎င်းတို့အလုပ်လုပ်ရန် လိုအပ်သလို လွတ်လပ်ခွင့်ပေးပါ။ အလုပ်ဆောင်ရွက်မှုတိုးတက်စေရန် လမ်းညွှန်မှုနှင့် တုံ့ပြန်မှုတို့ပေးပါ။

သင်နှင့် သင့်ကြီးကြပ်သူ၏ဆက်ဆံရေးသည် နှစ်ဦးနှစ်ဘက်ကြားရှိ လေးစားယုံကြည်မှုတစ်ခု ဖြစ်သင့်ပါသည်။ သင်နှင့် သင့်ကြီးကြပ်သူသည် ကုမ္ပဏီကသတ်မှတ်ထားသော စီးပွားရေးပန်းတိုင်များရရှိအောင်ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏မြင့်မားသော လူ့ကျင့်ဝတ်ဆိုင်ရာစံနှုန်းများ၊ ခိုင်မာမှုများနှင့် ကိုက်ညီအောင် အတူမျှဝေဆောင်ရွက်သည့် အသင်းအဖွဲ့တစ်ခုဖြစ်ပါသည်။

## COLGATE ဝန်ထမ်းများအား ကျွန်ုပ်တို့၏ အကြီးမားဆုံး အရင်းမြစ်အဖြစ် တန်ဖိုးထားပါသည်။

လူများကို ဂရုပြုစောင့်ရှောက်ရန် Colgate ၏ကတိခံဝန်ချက်သည် တစ်ဦးတစ်ယောက်ချင်းစီနှင့် အသင်းအဖွဲ့ အောင်မြင်မှုများကို ပိုမိုတိုးတက်စေရန်နှင့် ဆုချီးမြှင့်နိုင်ရန် ရေးဆွဲထားသော အစီအစဉ်ပေါင်းမြောက်များစွာမှ ရရှိလာပါသည်။ ကုမ္ပဏီ၏အောင်မြင်မှုအတွက် ဖြစ်နိုင်ခြေရှိသောအလားအလာများ အပြည့်အဝရရှိရန်နှင့် အဓိပ္ပါယ်ရှိသောအကြံပြုပါဝင်ခြင်းပြုလုပ်ရန် အားပေးတိုက်တွန်းအပ်ပါသည်။ အဆုံးသတ်တွင် ကုမ္ပဏီ၏ အောင်မြင်မှုကို ဖြစ်စေခဲ့သည်မှာ ကမ္ဘာအနှံ့ရှိ ကျွန်ုပ်တို့၏ အရည်အသွေးပြည့်ဝသောကျွမ်းကျင် Colgate ဝန်ထမ်းများပင်ဖြစ်ပါသည်။

**Colgate ဝန်ထမ်းများသည်** ကုမ္ပဏီဝန်ထမ်းများ၏ အခွင့်အရေးသာတူညီမျှမှုနှင့် အနှောင့်အယှက်ပေးမှု တိုက်ဖျက်ရေးဆိုင်ရာပေါ်လစီနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို **ourcolgate.com တွင်ဖတ်ရှုနိုင်ပါသည်။**

### Colgate-Palmolive ကုမ္ပဏီသည် ဝန်ထမ်းတိုင်း သို့မဟုတ် အလုပ်လျှောက်ထားသူတိုင်းအား

| | |
|---|---|
| လူမျိုး (သို့) တိုင်းရင်းသားမျိုးနွယ်စု | နှစ်သက်သော လိင်အမျိုးအစား |
| အသားအရောင် | ကိုယ်အင်္ဂါမသန်စွမ်းခြင်းအခြေအနေ |
| ကိုးကွယ်မှု | စစ်ပြန် အခြေအနေ |
| လိင်သတ်မှတ်မှု | အိမ်ထောင်ရေး သို့ မိသားစုအခြေအနေ |
| မူလမွေးရပ် | အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်တစ်ဦးဖြစ်နေသည့် အခြေအနေ |
| နိုင်ငံသား | ဥပဒေနှင့်အကာအကွယ်ပေးထားသော မည်သည့်ထူးခြားဝိသေသများဖြစ်ပါစေ ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားပါသည်။ |
| အသက်အရွယ် | |
| ကိုယ်ဝန်ဆောင် | |

ယင်း၌ အလုပ်ခေါ်ခြင်း၊ ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ လွှဲပြောင်းခြင်း၊ နစ်နာကြေးပေးခြင်း၊ ရာထူးချခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းတို့ ပါဝင်သော်လည်း ၎င်းတို့၌သာ ကန့်သတ်မထားပေ။

- ယင်းသို့ထည့်သွင်းခြင်းတန်ဖိုးသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ယဉ်ကျေးမှု၊ ကျင့်သုံးမှုများနှင့် လေးစားမှုနှင့် စီမံခန့်ခွဲခြင်းစည်းမျဉ်းများကိုထင်ဟပ်စေ စပါသည်။

- ကျွန်ုပ်တို့၏ လုပ်သားအင်အားတွင် နောက်ခံအခြေအနေအားလုံးပါဝင်သော ပုဂ္ဂိုလ်များကို စွဲဆောင်၊ ထားရှိခြင်းဖြင့် အလုံးစုံပါဝင်သော အလုပ်ခွင် ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားရှိပြီး ကျွမ်းကျင်မှုကို ရရှိပါသည်။

- ကျွန်ုပ်တို့သည် Colgate ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်းရှိ မည်သူကမျှ ကုမ္ပဏီအလုပ်လုပ်ကိုင်နေစဉ်အတွင်း လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု သို့မဟုတ် အခြားမည်သည့်နှောင့်ယှက်မှုးကျူးလွန်ခြင်းကိုမဆို သက်ဆိုင်ရာဥပဒေအရ တားမြစ်ထားပါသည်။

- ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ပေါ်လစီများနှင့် လုပ်ငန်းဆောင်တာအဆင့်များအရ အလုပ်ခွင်အတွင်း ဘက်လိုက်ခြင်း သို့မဟုတ် ဘက်လိုက်သကဲ့သို့ထင်မြင်ရခြင်းကို တားမြစ်ထားပါသည်။

- ကျွန်ုပ်တို့သည် ကလေးလုပ်သား အသုံးမပြုပါ။ ကလေးလုပ်သားဟူသည်မှာ ဥပဒေက သတ်မှတ်ခွင့်ပြုထားသည့် အနိမ့်ဆုံးအသက်ထက်ငယ်ရွယ်သော သူများကို အလုပ်ခန့်ထားခြင်းဟု ဆိုလိုပါသည်။ သို့သော်လည်း မည်သည့်အခါကမှ ကျွန်ုပ်တို့သည် သိလျက်နှင့် အသက် (16) ထက်ငယ်သူ မည်သူကိုမဆို အလုပ်ခန့်ခဲ့ခြင်း မရှိပါ။

- အလုပ်ခွင်မှ ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်များကို ဖယ်ရှားရန်နှင့် ပြဌာန်းထားသော လုပ်ငန်းခွင် ဘေးကင်းရေးနှင့် ကျန်းမာရေး ဥပဒေနှင့် စံနှုန်းများကို လိုက်နာရန် ကြိုးပမ်းနေပါသည်။

  – ကုမ္ပဏီပိုင်ပစ္စည်း (ယာဉ်များအပါအဝင်) သို့မဟုတ် ကုမ္ပဏီပိုင် အချိန်အတွင်း တရားမဝင် မူးယစ်ဆေးဝါးများ သို့မဟုတ် မူးယစ်ဆေးဝါး ပစ္စည်းပစ္စယများကို လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် ဆရာဝန်ညွှန်ကြားထားသည့်ဆေးကို တလွဲသုံးဖြင်းတို့ကို တားမြစ်ထားပါသည်။

  – အရက်နှင့် အခြားဆေးဝါးများ သုံးစွဲထားသည့် အရှိန်ဖြင့် ကုမ္ပဏီအလုပ်လုပ်ခြင်းကို တားမြစ်ထားပါသည်။

  – မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာ သုံးစွဲခြင်းတို့ကို အလုပ်ခွင်တွင်ပြုလုပ်ခြင်း၊ အကြမ်းဖက်ခြင်း သို့မဟုတ် ကုမ္ပဏီပိုင်နက် သို့မဟုတ် အလုပ်ချိန်တွင် ဥပဒေနှင့်မညီညွှတ်သော လက်နက်များလက်ဝယ် ပိုင်ဆိုင်ထားခြင်းဟူသည့် မည်သည့် အဖြစ်အပျက်ကိုမဆို လူသားရင်းမြစ်၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင်အဖွဲ့အစည်း၊ ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု သို့မဟုတ် စီမံခန့်ခွဲရေးတို့သို့ ချက်ချင်း သတင်းပေးပို့ရမည် ဖြစ်ပါသည်။

  – ကုမ္ပဏီ ပိုင်နက် သို့မဟုတ် Colgate ကုမ္ပဏီလုပ်ငန်း ဆောင်ရွက်နေစဉ်တွင် ဒေသတွင်း ဥပဒေက သတ်မှတ်ထားသည့်အတိုင်း လက်နက်၊ ခဲယမ်းများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများ သို့မဟုတ် ကျည်ဆံများအား လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းအား တားမြစ်ခြင်း။ လက်နက်ပိုင်ဆိုင်ခြင်းမှာ Colgate ပုဂ္ဂိုလ်များ၏ ဘေးကင်းရေးနှင့် လုံခြုံမှုအတွက် လိုအပ်သည်ဟု ဆုံးဖြတ်ထားလျှင် ထိုပိုင်ဆိုင်မှုအား လုံခြုံရေးဝန်ထမ်းများအတွက် ခွင့်ပြုထားနိုင်ပါသည်။

  – အကြမ်းဖက်သော၊ ချိန်းခြောက်နေသော၊ သိက္ခာကျစေသော၊ အန္တရာယ်ပေးနိုင်သော သို့မဟုတ် အခြားတစ်စုံတစ်ယောက်ကိုမလုံခြုံသောခံစားမှုဖြစ်စေနိုင်သော မည်သည့်လုပ်ရပ်ကိုမဆိုတားမြစ်ထားပါသည်။

- အကယ်၍သင်သည် ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် အလုပ်ခွင်ကိုသက်ရောက်စေသော အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်ပြီး စိတ်ပူပန်မှုများရှိပါက Global Security +1 212-310-2335 သို့ချက်ချင်းဆက်သွယ်ပါ။

# ကုမ္ပဏီနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး

**Colgate ဝန်ထမ်းများအနေနှင့် ကျွန်ုပ်တို့အပေါ် ထားရှိသည့် ယုံကြည် စိတ်ချမှုကို အသိအမှတ်ပြုပြီး အခြေအနေတိုင်း၌ သိက္ခာသမာဓိ၊ ရိုးသားမှုတို့ဖြင့် ပြုမူပါသည်။**

## ကျွန်ုပ်တို့သည် အကျိုးစီးပွား ဝိရောဓိဖြစ်မှု ရှောင်ကြဉ်ပါသည်။

သင်၏အကဲဖြတ်မှုသည် သင်တန်ဖိုးအထားအရှိဆုံးများအနက်တစ်ခုအပါအဝင်ဖြစ်သည်။ သင့်အနေနှင့် ကုမ္ပဏီအတွက်ဖြစ်စေ ကုမ္ပဏီနှင့်ဖြစ်စေ စီးပွားရေးလုပ်ရာတွင် အမှီကင်းသောအကဲဖြတ်မှုကိုအသုံးပြုခြင်း သို့မဟုတ် သင်၏တရားမျှတမှုကို ယုံမှားသံသယဖြစ်စေနိုင်သည့် သို့မဟုတ် သဘောထားကွဲလွဲမှုဖြစ်စေနိုင်သည့် မည်သည့်လုပ်ရှားမှု၊ အသင်းအဖွဲ့ကိုဖြစ်စေ ရှောင်ကြဉ်သင့်ပါသည်။ သဘောထားကွဲလွဲမှုသည် အခြေအနေပေါင်းများစွာတွင် ပေါ်ပေါက်လာနိုင်ပါသည်။ ယင်းတို့အားလုံးကို ထည့်သွင်းရန်မဖြစ်နိုင်ပါ၊ ထို့ပြင် မှန်ကန်သည့်၊ မမှန်ကန်သည့် လုပ်ကိုင်မှုဟူ၍ ခွဲခြားနိုင်ရန်မှာလည်း အမြဲတမ်း မလွယ်ကူနိုင်ပါ။ သံသယရှိပါက မည်သည့်ဆုံးဖြတ်ချက်မျှမလုပ်ခင် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့အစည်း သို့မဟုတ် ကမ္ဘာ့လူ့ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းဥပဒေအဖွဲ့အစည်းမှ သင်၏ လူ့စွမ်းအားအရင်းအမြစ်မန်နေဂျာနှင့် ဆွေးနွေးတိုင်ပင်ပါ။



### ရင်းနှီးမြှုပ်နှံမှုများ

သင့်လုပ်ငန်းဆုံးဖြတ်ချက်များကို သက်ရောက်စေနိုင်သော မည်သည့်ရင်းနှီးမြှုပ်နှံမှုကိုမျှ မပြုလုပ်ပါနှင့်။ ကုမ္ပဏီပေါ်လစီအရ Colgate ဝန်ထမ်းများအား စတော့ပမာဏများစွာပိုင်ဆိုင်ထားခြင်းမှ သို့မဟုတ် Colgate ကုမ္ပဏီနှင့်အပြိုင်စီးပွားရေးကိုလုပ်ဆောင်ရန် ကိုယ်ပိုင်ဝေစုများထားရှိခြင်းမှ တားမြစ်ထားပါသည်။ ယင်းတားမြစ်ချက်သည် အများပြည်သူသို့ ရောင်းချသည့် ကုမ္ပဏီတစ်ခု၏ (ယေဘုယအားဖြင့် 1% အောက်) စတော့ပမာဏ အနည်းငယ် ပိုင်ဆိုင်ခြင်းအပေါ် သက်ရောက်မှု မရှိပါ။ သို့သော် ထိုရင်းနှီးမြှုပ်နှံမှုသည် ငွေကြေးပမာဏ များလွန်း၍ အကျိုးစီးပွားချင်း ဝိရောဓိဖြစ်ပုံ မပေါက်ရပေ။ အကယ်၍သင်သည် Colgate သို့ အလုပ်မဝင်မီ တားမြစ်ထားသောရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားခဲ့ပါက ကမ္ဘာလုံးဆိုင်ရာ ဥပဒေရေးရာ အဖွဲ့အစည်းများ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု အဖွဲ့အစည်းသို့ဆက်သွယ်ပါ။



### မိသားစု

သင့်အနေနှင့် သင်၏အိမ်ထောင်ဖက် သို့မဟုတ် အခြားနီးစပ်ရာမိသားစုဝင်တစ်ဦးသည် Colgate ၏ ပြိုင်ဖက်များ၊ ဖောက်သည်များ သို့မဟုတ် ထောက်ပံ့သူများအနက်မှ တစ်ဦးဖြစ်နေသည့် အခြေအနေမျိုး ကြုံတွေ့ရနိုင်ပါသည်။ ယင်းအခြေအနေမျိုးသည် တားမြစ်မထားသော်လည်း အကျိုးစီးပွားအချင်းချင်း ဝိရောဓိဖြစ်မှု ယုံကြည်မှုစောင့်ထိန်းခြင်းနှင့် လုပ်ငန်းလုံခြုံရေးများအတွက် အထိခိုက်မခံနိုင်လောက်အောင်အလွန်အရေးကြီးပါသည်။

သင့်အနေနှင့် မည်သို့ပင်အန္တရာယ်ကင်းသောအခြေအနေမျိုးပင်ဖြစ်စေ သင်၏လုပ်ဖော်ကိုင်ဖက်များအတွင်း လုပ်ငန်းဆိုင်ရာဆက်ဆံမှုများကိုထိခိုက်စေသော စိုးရိမ်စရာများကိုဖြစ်ပေါ်စေနိုင်ကြောင်းကြိုတင်သတိရှိထားသင့်ပါသည်။ အကျိုးစီးပွားအချင်းချင်း ဝိရောဓိဖြစ်မှု သင်၏အပြုအမူများနှင့်မဆိုင်ဘဲ ပြဿနာများကိုဖန်တီးစေနိုင်ပါသည်။

ဤဖြစ်ရပ်များကိုရှောင်ကြဉ်ရန် မည်သည့်စိတ်ပူပန်စရာကိုစွရပ်မဆို အတိုင်းအတာနှင့်သဘာဝကိုသိရှိရန် ကမ္ဘာလုံးဆိုင်ရာ ဥပဒေရေးရာ အဖွဲ့အစည်း သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်လိုက်နာမှု အဖွဲ့အစည်း၊ မန်နေဂျာနှင့် အခြေအနေကိုပြန်လည်သုံးသပ်ရန်လိုအပ်ပါသည်။

## အခြားအလုပ်

Colgate တွင်အလုပ်လုပ်နေစဉ် Colgate ဝန်ထမ်းများသည် ပြိုင်ဘက်စီးပွားရေးတစ်ခု သို့မဟုတ် ပြင်ပဖြန့်ဖြူးသူများ၊ ဖောက်သည်များ၊ ပစ္စည်းထောက်ပံ့ရောင်းချသူများအတွက် အလုပ်လုပ်ပေးခြင်း သို့မဟုတ် အကူအညီပေးခြင်းများ မပြုလုပ်ရပါ။

သင့်ဌာနစိတ်ဥက္ကဋ္ဌ သို့မဟုတ် လုပ်ငန်းအကြီးအကဲထံမှ ခွင့်ပြုချက်မရှိပဲနှင့် Colgate ရှိ သင့်အလုပ်နှင့် မသက်ဆိုင်သော ပြင်ပအလုပ်အတွက် ကုမ္ပဏီ၏ အချိန်၊ ပံ့ပိုးမှုများ၊ ရင်းမြစ်များ၊ အမှတ်တံဆိပ် သို့မဟုတ် လိုဂိုများကို အလုပ်ပြင်ပတွင် မသုံးစွဲပါနှင့်။

## ကိုယ်ရေးကိုယ်တာ

Colgate သည် Colgate ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်းတွေ့ကြုံရမည့်သူများနှင့် လွတ်လပ်စွာဆက်ဆံရန်အခွင့်အရေး ရပိုင်ခွင့်ကိုလေးစား အသိအမှတ်ပြုပါသည်။ သို့ရာတွင် ကျွန်ုပ်တို့အနေနှင့် ယင်းဆက်ဆံရေးများသည်-

- လုပ်ငန်းဆောင်ရွက်မှုကို အဆိုးအားဖြင့်သက်ရောက်စေခြင်း
- အခြားသူများကိုကြီးကြပ်နိုင်စွမ်းကို ဟန့်တားခြင်း
- အလုပ်ခွင်ပတ်ဝန်းကျင်ကိုပျက်စီးစေခြင်း
- ဘက်လိုက်သည့်အခြေအနေတစ်ခုဖန်တီးခြင်း စသည်တို့ကိုမဖြစ်ပေါ်လာစေရန် ကောင်းမွန်သောအကဲဖြတ်မှုကိုအသုံးပြုရပါသည်။

ဝန်ထမ်းများအကြား ချစ်ကြိုက်မှုမှ သို့မဟုတ် ခင်မင်မှုမှ ဖြစ်ပေါ်လာသည့် မည်သည့် အလုပ်ခွင်ဆောင်ရွက်မှုမဆိုသည် အခြားသူများအတွက် မသက်မသာဖြစ်စေသည့် အလုပ်ခွင် ပတ်ဝန်းကျင်ကို ဖန်တီးလျှင် သို့မဟုတ် မျက်နှာသာပေးကာ ဆက်ဆံခြင်းတို့ကို ဖြစ်စေလျှင် ထိုဆောင်ရွက်မှုက သင့်လျော်မည်မဟုတ်ပါ။ ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးရလဒ် အတွက်ထက် မျက်နှာသာပေးခြင်း သို့မဟုတ် ချစ်ကြိုက်မှု သို့မဟုတ် ခင်မင်မှုပေါ်တွင် အခြေခံပြီး လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ ပြုလုပ်ခြင်းအား တားမြစ်ပါသည်။ ချစ်ကြိုက်နေသော၊ သို့မဟုတ် ခင်မင်မှုရှိသော တစ်ဦးတစ်ယောက်ချင်းစီတို့သည် လိမ္မာပါးနပ်မှု၊ ကောင်းမွန်သည့် အကဲဖြတ်မှုနှင့် သိမြင်နိုင်စွမ်းတို့ကို အသုံးပြုသင့်ပါသည်။ ထို့အပြင် ကြီးကြပ်သူတစ်ဦးသည် ၎င်းနှင့်ချစ်ကြိုက်နေသူတစ်ဦးဦးကို အလုပ်သဘောဖြင့်ကြီး ကြပ်ခြင်းမျိုးမပြုလုပ်သင့်ပါ။ ဤသို့သော အခြေအနေမျိုးတွင်၊ ဝန်ထမ်းနှစ်ဦးစလုံးက အခြေအနေကို လူ့စွမ်းအားရင်းမြစ်နှင့်/ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှုတို့ထံသို့ သတင်းပို့ရပါမည်။

## ဘုတ်အဖွဲ့

ဒါရိုက်တာများဘုတ်အဖွဲ့ သို့မဟုတ် အကျိုးအမြတ်ရှာသော ကုမ္ပဏီတစ်ခု သို့မဟုတ် အစိုးရ အဖွဲ့အစည်းတစ်ခု၏ အလားတူအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ရန် သဘောမတူမီ လူ့ကျင့်ဝတ်နှင့် စည်းမျဉ်းလိုက်နာမှုဆိုင်ရာ အရာရှိချုပ်နှင့် ဥပဒေရေးရာ အရာရှိချုပ်တို့ထံမှ သဘောတူညီချက် အရင်ရယူပါ။

အကယ်၍အဖွဲ့အစည်းသည် ကုမ္ပဏီနှင့် အလုပ်သဘော သို့မဟုတ် ပညာရပ်နှင့်ဆိုင်သော ဆက်ဆံရေးမျိုးမရှိပါက သင်၏ဌာနဆိုင်ရာအကြီးအကဲ သို့မဟုတ် ခေါင်းဆောင်ထံမှ ခွင့်ပြုချက်ယူထားသည် ဖြစ်သောကြောင့် အကျိုးအမြတ်မယူသောအဖွဲ့အစည်းများဘုတ်အဖွဲ့တွင်အမှုဆောင်ရန်အတွက် ခွင့်ပြုချက်ယူရန်မလိုအပ်ပါ။

## အခြား ထည့်သွင်းစဉ်းစားမှုများ

ကျွန်ုပ်တို့ ကုမ္ပဏီ၏ တန်ဖိုးများကို ရောင်ပြန်ဟပ်သော အပြုသဘောဆောင်သည့် အလုပ်ခွင်ဝန်းကျင်ကို ထိန်းသိမ်းထားပြီး ခိုင်မာသော အလုပ်သဘောအရ ဆက်နွယ်မှုများ ပိုမိုကောင်းမွန်လာရေးကို ကြိုးပမ်းပါသည်။ ပြင်ပ အဖွဲ့အစည်းများနှင့် ဆက်ဆံခြင်းမှ အကျိုးစီးပွားချင်းပဋိပက္ခ ဖြစ်လာလေ့ ရှိသော်လည်း၊ ပဋိပက္ခများ၊ သို့မဟုတ် ပဋိပက္ခဖြစ်လာနိုင်ချေများသည် ကုမ္ပဏီတွင်း ဆက်ဆံရေးမှ ဖြစ်လာပါသည်။ အခြားသူများကို စီမံခန့်ခွဲရသူ ကျွန်ုပ်တို့အနေနှင့် အခြားသူများအမြင်တွင် မျက်နှာသာပေးခြင်း သို့မဟုတ် ဖြစ်လာနိုင်ချေရှိသော ဘက်လိုက်ကာ စိတ်ထဲမှ အလေးပေးမှု တို့များကြောင့် ထိုအခြေအနေများ ဖြစ်လာခြင်းမဟုတ်ကြောင်း သေချာစေရန် သေချာစွာစောင့်ကြည့် ရပါမည်။

အကယ်၍သင့်တွင် မေးမြန်းစရာ သို့မဟုတ် သဘောထားကွဲလွဲနိုင်သောအခြေအနေတစ်ခုရှိပါက ကမ္ဘာလုံးဆိုင်ရာ ဥပဒေရေးရာ အဖွဲ့အစည်းများ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ကျင့်ဝတ်နှင့် လိုက်နာမှု အဖွဲ့အစည်း၊ သင်၏လူသားအရင်းမြစ်မန်နေဂျာနှင့် ဆွေးနွေးပါ။ ကုမ္ပဏီသည် အခြေအနေကိုကိုင်တွယ်ဖြေရှင်းရန်နှင့် သင့်လျော်သော အဖြေကိုရှာဖွေနိုင်ရန် သင်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်ပါမည်။

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏မူဝါဒတွင်ပါဝင်သော အကျိုးစီးပွားချင်း ဝိရောဓိဖြစ်မှုနှင့် လက်ဆောင်များဆိုင်ရာ သတင်းအချက်အလက်များကို ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒများ တွင်ဖတ်ရှုနိုင်ပါသည်။

## ကျွန်ုပ်တို့သည် ကုမ္ပဏီ၏ပိုင်ဆိုင်မှုနှင့် ပတ်သက်သော အချက်အလက်တို့ကို ကာကွယ်ပါသည်။

Colgate ပိုင်ဆိုင်မှုနှင့် ပတ်သက်သော အချက်အလက်များသည် အဖိုးတန်အရည်အသွေးတစ်ခုဖြစ်သည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သော အချက်အလက်များဆိုသည်မှာ သာမာန်အားဖြင့်မသိနိုင်သော သို့မဟုတ် အလွယ်တကူရှာဖွေမရနိုင်သော၊ ကုမ္ပဏီ၏ယှဉ်ပြိုင်မှုအတွက် လျှို့ဝှက်ချက်များ Colgate စီးပွားရေးနှင့်ဆက်သွယ်ရာတွင် အသုံးပြုသည့်သတင်းအချက်အလက်ကိုဆိုလိုပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သောအချက်အလက်များကိုကာကွယ်ခြင်းသည် ကျွန်ုပ်တို့၏အဆက်မပြတ်ကြီးထွားလာမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်သည်။

### ပိုင်ဆိုင်မှုနှင့် ပတ်သက်သောအချက်အလက်ဆိုင်ရာ ဥပမာအချို့မှာအဘာယ်နည်း။

- စီးပွားရေးဦးတည်ချက်များ သို့မဟုတ် နည်းစနစ်ဗျူဟာများ
- ဝန်ထမ်း၊ ဖောက်သည် သို့မဟုတ် အရောင်းဆိုင်စာရင်းများ
- မူပိုင်ခွင့် လျှောက်ထားမှုများ
- အများပြည်သူနှင့်မသက်ဆိုင်သော ဘဏ္ဍာရေးသတင်းအချက်အလက်များ
- ပစ္စည်းဖော်မြူလာများ
- ထုတ်လုပ်မှု လုပ်ငန်းစဉ်
- မထုတ်လွှင့်ရသေးသောဈေးကွက်တိုးချဲ့ရေး သို့မဟုတ် အရောင်း ပစ္စည်းအမျိုးအစားများ
- အများပြည်သူကို အသိမပေးရသေးသည့် အတွင်းရေး အချက်အလက်များ

မပြည့်စုံသော်လည်း ဤစာရင်းသည် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သော သတင်းအချက်အလက်မျိုးစုံကို ဥပမာများပေးထားပါသည်။

# COLGATE ၏ပိုင်ဆိုင်မှုဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ သင်၏တာဝန်

## လုပ်ပါ

- Colgate ၏ ပိုင်ဆိုင်မှုဆိုင်ရာအချက်အလက်ကို ကာကွယ်ရန် ကျိုးကြောင်းဆီလျော်သောအပြုအမူများကိုအသုံးချပါ။
- ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းများကို လုံခြုံစိတ်ချရအောင်ထိန်းသိမ်းသတ်မှတ်ပါ။
- ပိုင်ဆိုင်မှုဆိုင်ရာသတင်းအချက်အလက်များကို စက်လှေကားများ၊ အများသုံးနေရာများ သို့မဟုတ် အခြားသောအများပြည်သူသုံးနေရာများတွင် ဆွေးနွေးပြောဆိုခြင်းကိုသတိပြုပါ။

## မလုပ်ရ

- "သိသင့်သည်" သို့မဟုတ် "အသုံးပြုသင့်သည်" ဟူသည်တွင် အခြေခံသည်မှလွဲပြီး ဤသတင်းအချက်အလက်အား အခြားသော Colgate ဝန်ထမ်းများ သို့မဟုတ် ပြင်ပအဖွဲ့အစည်းများအား ဖော်ပြပေးခြင်း။
- ပိုင်ဆိုင်မှုဆိုင်ရာသတင်းအချက်အလက်များကို သင့်လျော်သောလုပ်ပိုင်ခွင့်မရှိဘဲစီမံရန် ပြင်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းခြင်း။
- ဤသတင်းအချက်အလက်အား အများပြည်သူမြင်နိုင်သော ဝက်ဘ်ဆိုက်များ သို့မဟုတ် လူမှုမီဒီယာ ဆိုက်များတွင် တင်ပို့ခြင်း သို့မဟုတ် ဆွေးနွေးခြင်း ပြုခြင်း။
- ဤသတင်းအချက်အလက်ကို သင့်ကိုယ်ပိုင် အကျိုးအမြတ်အတွက် သို့မဟုတ် Colgate ၏ ပြင်ပရှိ ပုဂ္ဂိုလ်များ၏ ခွင့်ပြုချက်မရရှိထားသော အကျိုးအမြတ်အတွက် အသုံးပြုခြင်း။
- ပိုင်ဆိုင်မှုဆိုင်ရာသတင်းအချက်အလက်များကို အစည်းအဝေးခန်းများ သို့မဟုတ် သော့ပိတ်မထားသောရုံးများတွင် ထားခြင်း။

သင်သည် Colgate မှထွက်ခွာလျှင် Colgate ၏ကိုယ်ပိုင်သတင်းအချက်အလက်များကိုဆက်လက်ကာကွယ်ထိန်းသိမ်းရန်သင့်တွင်တာဝန်ရှိသည်။ စာရွက်စာတမ်း၊ ပုံနှိပ်များ၊ အီလက်ထရွန်းနစ်သတင်းအချက်အလက်၊ စာရွက်စာတမ်းများ သို့မဟုတ် အခြားမှတ်တမ်းပုံစံများ၊ လုပ်ငန်းအဆင့်အတိအကျအကြောင်းအရာ၊ လုပ်ငန်းဆောင်ရွက်ပုံအဆင့်များသည် လုံခြုံအောင်ထိန်းသိမ်းရန်လိုအပ်သည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ၊ ကုမ္ပဏီပိုင်ဆိုင်မှုဖြစ်ကြောင်းနားလည်ပြီး Colgate မှာသာလျှင် ထိန်းသိမ်းထားရှိရမည်ဖြစ်သည်။ သင်သည် ကုမ္ပဏီပိုင်ဆိုင်မှုထဲမှ ထွက်ခွာသွားလျှင် သင့်ပိုင်ဆိုင်မှု၊ တရားရုံး သို့မဟုတ် ထိန်းချုပ်မှုတွင် ရှိနေသော ကုမ္ပဏီပိုင် ပိုင်ဆိုင်မှုအားလုံးကို ပြန်ပေးရပါမည်။

သတင်းအချက်အလက်သည် ကုမ္ပဏီပိုင် ဟုတ်မဟုတ် မေးမြန်းလိုပါက သင့်အနေနှင့် ကမ္ဘာလုံးဆိုင်ရာ တရားဥပဒေအဖွဲ့အစည်း ထံဆက်သွယ်သင့်ပါသည်။ Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒများတွင်ပါဝင်သော ကုမ္ပဏီပိုင်သတင်းအချက်အလက်များအားကာကွယ်ခြင်းဆိုင်ရာ ကုမ္ပဏီ၏မူဝါဒများကိုကိုးကားခြင်းဖြင့် သတင်းအချက်အလက်များထပ်မံရရှိနိုင်ပါသည်။

## သတင်းနှင့် မီဒီယာ တောင်းဆိုမှု မူဝါဒများအတိုင်း လိုက်နာပါသည်

Colgate ဝန်ထမ်းများသည် မီဒီယာများ၊ သတင်းဌာနများ သို့မဟုတ် ငွေကြေးအဖွဲ့အစည်းများမှ Colgate ကိုယ်စား ပြောဆိုပေးရန်တောင်းဆိုခြင်းများကို မတုံ့ပြန်သင့်ပါ။

- မီဒီယာ၊ သတင်းဌာန သို့မဟုတ် ငွေကြေးအဖွဲ့အစည်းများမှ မေးမြန်းစုံစမ်းခြင်း သို့မဟုတ် အင်တာဗျူးခြင်းများတောင်းဆိုပါက လူမှုဆက်ဆံရေးဦးစီးအရာရှိ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီနီယာအမှုဆောင်အရာရှိထံ လွှဲပြောင်းရပါမည်။

- နယူးယောက်စတော့အိတ်ချိန်း လုံခြုံရေးနှင့် လွှဲပြောင်းရေးကော်မရှင်၊ ပြင်ပရှေ့နေများ သို့မဟုတ် အခြားအုပ်ချုပ်သူများ၏ အဆက်အသွယ်များထံမှ သတင်းအချက်အလက်များကို Colgate ကိုယ်စား တောင်းခံမှုများရှိပါက ကမ္ဘာလုံးဆိုင်ရာ တရားဥပဒေအဖွဲ့အစည်းထံ ချက်ချင်းလွှဲပြောင်းသင့်ပါသည်။

မည်သည့်ဝန်ထမ်းမှ ကုမ္ပဏီကိုယ်စား အဆိုပါ စုံစမ်းမှု သို့မဟုတ် ဆက်သွယ်မှုတို့ကို သူတို့ဘာသာ တုန့်ပြန်မှု မပြုလုပ်ရန် အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် အချက်အလက်အား ငြင်းဆိုခြင်း သို့မဟုတ် မသက်ဆိုင်ကြောင်းပြောခြင်း တစ်ခုလေးကပင်လျှင် မည်သည့် မသင့်လျော်သော သို့မဟုတ် မမှန်ကန်သော တုန့်ပြန်မှုများမဆိုက အများပြည်သူအမြင် စောင်းသောအဖြစ်သို့ ရောက်ရှိသွားစေပြီး ကုမ္ပဏီကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါသည်။

ဤမူဝါဒက အများပြည်သူ ရရှိနိုင်သည့် နှစ်ပတ်လည်နှင့် သုံးလတစ်ကြိမ် သတင်းတင်ပြမှုများ၊ သို့မဟုတ် ကုမ္ပဏီ၏ အရောင်းမြှင့်တင်ရေး အများပြည်သူသိအောင် ဆောင်ရွက်သည့် လုပ်ရှားမှုများ ကဲ့သို့ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်အတွက် တောင်းဆိုမှုများသို့ မသက်ရောက်ပါ။

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒများတွင်ပါဝင်သော လုံခြုံရေးဆိုင်ရာအချက်အလက်များကို ဖွင့်ဟခြင်း၊ လဲလှယ်ကုန်သွယ်ခြင်းနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၏မူဝါဒများကိုကိုးကားခြင်းဖြင့် သတင်းအချက်အလက်များထပ်မံရရှိနိုင်ပါသည်။

## မှန်ကန်သော စာအုပ်နှင့် မှတ်တမ်းများကို ထားရှိထားပါသည်

ကျွန်ုပ်တို့ ကုမ္ပဏီ၏ ဘဏ္ဍာရေးရာ အနေအထားနှင့် ယင်း၏ လည်ပတ်မှုများ၏ ရလဒ်များအား ဥပဒေနှင့် ယေဘုယျလက်ခံနိုင်သော စာရင်းမှူသဘောတရားများ (GAAP) ၏ သတ်မှတ်ချက်အတိုင်း မှတ်တမ်းရယူထားရမည် ဖြစ်သည်။ Colgate သည် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုနှင့် ငွေလွှဲခြင်းများကို မှန်ကန်မျှတစွာပြသနိုင်သော အကောင့်များ၊ မှတ်တမ်းများနှင့် စာအုပ်များကိုထိန်းသိမ်းရန်လိုအပ်ပါသည်။ ထို့အပြင် ကုမ္ပဏီအတွင်း လုံလောက်သော ငွေစာရင်းထိန်းချုပ်မှုစနစ်တစ်ခုကို ထိန်းသိမ်းရန်လည်းလိုအပ်ပါသည်။

ယင်းသတင်းအချက်အလက်များကို ပြုလုပ်ခြင်း၊ ဆောင်ရွက်ခြင်းနှင့် မှတ်တမ်းထားရှိခြင်းများတွင် ပါဝင်သူတိုင်းသည် ထိုသတင်းအချက်အလက်အထောက်အထားခိုင်မာမှုအတွက် တာဝန်ရှိပြီး ရလဒ်အနေနှင့်-

- အသုံးစရိတ်ပမာဏ၊ သုံးစရိတ် လက်ခံရရှိသူ သို့မဟုတ် အကျိုးခံစားရသူနှင့် အသုံးစရိတ်အတွက် လုပ်ငန်းရည်ရွက်ချက်အပါအဝင် လုပ်ငန်းများ၊ အသုံးစရိတ်များနှင့် ကုန်ကျမှုများအားလုံးကို ကုမ္ပဏီ၏ စာရင်းများနှင့် မှတ်တမ်းများတွင် သင့်တော်စွာ မှတ်သားထားကြောင်း သေချာအောင်ပြုလုပ်ရမည်။

- ကုမ္ပဏီလုပ်ငန်းများနှင့် ပိုင်ဆိုင်မှုများအတွက် ထည့်သွင်းခြင်းအားလုံးတွင် တိကျပြည့်စုံသော သတင်းအချက်အလက်နှင့် သင့်လျော်သောစာရွက်စာတမ်းများကိုပေးရပါမည်။

- ငွေသွင်းငွေထုတ်ခြင်း၊ ငွေစာရင်းကိုင်ခြင်း သို့မဟုတ် ငွေစာရင်းသွင်းခြင်းအားလုံးကို သိမ်းဆည်းပေးအပ်ထားသောစာရွက်စာတမ်းများတွင်ဖော်ပြထားသည့်အတိုင်း တိကျစွာပြသနိုင်အောင်ပြုလုပ်ပါ။ အချက်အလက်များအား စီမံခန့်ခွဲရေးထံမှ သို့မဟုတ် သူတို့က သို့မဟုတ် ကုမ္ပဏီ၏ အတွင်းက သို့မဟုတ် ပြင်ပမှ စာရင်းစစ်များထံမှ ဖုံးကွယ်ထားခြင်း မရှိစေရပါ။

- ကုမ္ပဏီ၏ ဘဏ္ဍာမှတ်တမ်းများ သို့မဟုတ် စာအုပ်များတွင် မှားယွင်းသောအချက်အလက်များ သို့မဟုတ် အထင်အမြင်လွဲမှားစေသောအကြောင်းအရာများကို မည်သည့်အကြောင်းကြောင့်မျှ ထည့်သွင်းဖော်ပြခြင်းမပြုရ။

- ငွေပေးချေမှုကို အထောက်အပံ့ပေးထားသည့် မှတ်တမ်းများတွင် ဖော်ပြထားသည်မှ အပ အခြားမည်သည့် ရည်ရွယ်ချက်မဆိုအတွက် အသုံးပြုရန် ငွေပေးချေမှု၏ မည်သည့်အစိတ်အပိုင်းဖြစ်သော ပေးချေမှုကိုမှ ကုမ္ပဏီ၏ကိုယ်စား ခွင့်ပြုခြင်း သို့မဟုတ် ပြုလုပ်ခြင်း မပြုရပါ။

- ကုမ္ပဏီရန်ပုံငွေများ သို့မဟုတ် ပိုင်ဆိုင်မှုများကို မည်သည့်တရားမဝင် မလျော်ကန်သောရည်ရွယ်ချက်အတွက်မှ အသုံးပြု၍မရပါ။

- အခွန်ဘဏ္ဍာနှင့် ကုန်ကျစရိတ်များကို အချိန်မှန် လျော်ကန်စွာပေးဆောင်ရပါမည်။

ပိုင်ဆိုင်မှုများနှင့် ပေးဆပ်ရန်များအား မှန်ကန်စွာ မှတ်တမ်းတင်ပြီး တိကျစွာ တန်ဖိုးသတ်မှတ်ရမည်။ ထို့အပြင်၊ Colgate ၏ လျှောက်ထားခြင်းများအား လုံခြုံရေးနှင့် အိတ်ချိန်းကော်မရှင်နှင့် ဥပဒေအရ သတ်မှတ်ထားသော သို့မဟုတ် လုပ်ငန်း သို့မဟုတ် ဘဏ္ဍာရေးအဖွဲ့အစည်းတို့နှင့် အခြားဆက်သွယ်မှုများက သတ်မှတ်ထားသောအခြား လျှောက်ထားချက်များ ပြင်ဆင်ခြင်းတွင် တာဝန်ရှိသူ သို့မဟုတ် ပါဝင်သူတို့သည် အဆိုပါ လျှောက်ထားချက်များနှင့် ဆက်သွယ်မှုများတွင် ဖော်ပြထားမှုများကို ပြုလုပ်သည့်အခါတွင် အပြည့်အစုံ၊ မျှမျှတတ၊ မှန်ကန်ပြီး၊ အချိန်နှင့်တပြေးညီကာ နားလည်လွယ်စေရန် သေချာပါစေ။

စာရင်း သို့မဟုတ် ဘဏ္ဍာရေးထည့်သွင်းမှုများ သို့မဟုတ် Colgate ၏ လုံခြုံရေးနှင့် အိတ်ချိန်းကော်မရှင် သတင်းပေးပို့မှု သို့မဟုတ် အခြားသော ဆက်သွယ်မှုများ သို့မဟုတ် မည်သည့် အတွင်းပိုင်းဆိုင်ရာ ထိန်းချုပ်ခြင်းကျိုးပေါက်မှုမဆိုတွင် ဖြစ်နိုင်ချေရှိသော ဖယ်ထုတ်ထားမှု၊ မှားယွင်းဖော်ပြမှု သို့မဟုတ် မမှန်ကန်မှုတို့ကို သင်သတိထားမိပါက၊ ထိုကဲ့သို့ အချက်အလက်များအား သင့်မန်နေဂျာ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းတို့သို့ ချက်ချင်း သတင်းပေးပို့ရပါမည်။ သင့်အနေနှင့် ကမ္ဘာ့ကျင့်ဝတ်များနှင့် စည်းမျဉ်းလိုက်နာမှုဌာနကိုလည်း အဆက်အသွယ်ပြုလုပ်နိုင်ပါသည်။

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒများတွင်တွေ့နိုင်သောစာအုပ်များ၊ မှတ်တမ်းများနှင့် စာရွက်စာတမ်းများကိုကိုးကားပြီး သတင်းအချက်အလက်များကိုထပ်မံရရှိနိုင်ပါသည်။

## မှတ်သားရန်

- ကုမ္ပဏီစာအုပ်များနှင့် မှတ်တမ်းများသည် မှန်ကန်တိကျရမည်။
- ကုမ္ပဏီစာရွက်စာတမ်းများသည် ရှင်းလင်းပြတ်သားရမည်။
- သဘောထားကွဲလွဲစေသော သို့မဟုတ် မှားနေသောအကြောင်းအရာများကို မည်သည့်အကြောင်းနှင့်မျှမပြုလုပ်သင့်ပါ။



# COLGATE ၏ ပိုင်ဆိုင်မှုများကို ကာကွယ်ပါသည်

ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများ၊ စက်ရုံများ သို့မဟုတ် ဝန်ဆောင်မှုများသည် ဥပဒေနှင့် ညီညွတ်သော၊ မှန်ကန်သော၊ လုပ်ပိုင်ခွင့်ရရှိထားသော ရည်ရွယ်ချက်များအတွက်သာ အသုံးပြုရပါမည်။ ငွေ၊ ပိုင်ဆိုင်မှု သို့မဟုတ် ဝန်ဆောင်မှုများအား ခိုးယူမှုကို တင်းကြပ်စွာ တားမြစ်ပါသည်။ Colgate စက်ပစ္စည်းများ၊ စနစ်များ၊ စက်ရုံခန်းများ၊ ကုမ္ပဏီအကြွေးဝယ်ကဒ်များနှင့် ပံ့ပိုးမှုများအား သုံးစွဲခြင်းသည် Colgate ရှိသင့်အလုပ်နှင့် ဆက်နွယ်နေရမည် သို့မဟုတ် စီမံခန့်ခွဲရေးမှ ခွင့်ပြုသော ရည်ရွယ်ချက်များအတွက် ဖြစ်ရမည်။ သင်သည် ကုမ္ပဏီက သင့်ကိုယုံကြည်စွာအပ်နှံထားသော ပစ္စည်းဥစ္စာများကို ကာကွယ်ရန်အတွက်သာ တာဝန်ရှိသည် မဟုတ်ပဲ ကုမ္ပဏီ၏ အထွေထွေပိုင်ဆိုင်မှုများကို ကာကွယ်ရာတွင် ကူညီရန်လည်း တာဝန်ရှိပါသည်။ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုအား ဆုံးရှုံးခြင်း၊ အလွဲသုံးခြင်း သို့မဟုတ် ခိုးယူခြင်းတို့ကို ရှေးရှုနိုင်သည့် မည်သည့်အခြေအနေ သို့မဟုတ် အဖြစ်အပျက်မဆိုကို သင်သတိရှိနေရမည်ဖြစ်ပြီး အဆိုပါ အခြေအနေအားလုံးကို သင့်မန်နေဂျာ သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးသို့ သင့်အာရုံတွင်း ဝင်လာသည်မှစတင်ပြီး အကြောင်းကြားရပါမည်။

ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအား သက်ရောက်စေသည့် ဆောင်ရွက်မှုမျိုးကို ပြုလုပ်ရန်မှာ အချို့သော ကုမ္ပဏီ အရာရှိများနှင့် အခြားရာထူးမြင့် ဝန်ထမ်းများတွင်သာ လုပ်ပိုင်ခွင့်ရှိပါသည်။ နည်းလမ်းမှန်ကန်စွာ ခွင့်ပြုထားခြင်းမဟုတ်လျှင် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအား သက်ရောက်စေသည့် ဆောင်ရွက်မှုမျိုးကို သင်မပြုလုပ်သင့်ပါ။ သင့်တွင်မေးစရာရှိပါက သို့မဟုတ် ရှင်းလင်းရန်လိုအပ်ပါက သင့်နယ်မြေတွင်း သို့မဟုတ် ဌာနစိတ် ဘဏ္ဍာရေးဒါရိုက်တာအား ဆက်သွယ်သင့်ပါသည်။

## သတင်းနည်းပညာ ရင်းမြစ်များနှင့် လူမှုမီဒီယာတို့ကို သတိရှိစွာ သုံးစွဲပါသည်

**အိုင်တီအရင်းမြစ်များကို အသုံးချခြင်း**

Colgate ကုမ္ပဏီ၏ နည်းပညာအရင်းမြစ်များကို နည်းဥပဒေ၊ ကုမ္ပဏီ၏ အခြားမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ အားလုံးနှင့်အညီ တာဝန်သိစွာအသုံးပြုရပါမည်။

Colgate ကုမ္ပဏီ၏ နည်းပညာအရင်းမြစ်များတွင် Colgate မှပိုင်ဆိုင်သော၊ ပေးအပ်ထားသော သို့မဟုတ် ထုတ်ပြန်ထားသော လက်ရှိနှင့်အနာဂတ်ကွန်ပျူတာဟာ့ဒ်ဝဲ၊ ဆော့ဖ်ဝဲ၊ မိုဘိုင်းပစ္စည်းများ၊ သတင်းအချက်အလက်သိမ်းဆည်းသည့်မီဒီယာများပါဝင်သည်။ Colgate ၏ IT ရင်းမြစ်သည် ကန့်သတ်ထားသည့် သင့်လျော်သော ကိုယ်ရေးကိုယ်တာ သုံးစွဲမှုများမှ အပ Colgate ၏ လုပ်ငန်းဆိုင်ရာ ရည်ရွယ်ချက်များအတွက်သာ ဖြစ်ပြီး လေးစားဖွယ်ကောင်းသော၊ ပညာရှင်ဆန်သည့် အမူအကျင့်ဖြင့် အသုံးပြုသင့်ပါသည်။

**Colgate ကု မ္ပဏီ၏ နည်းပညာအရင်းမြစ်များကို အောက်ပါတို့အတွက် အသုံးမပြုရပါ-**

- အရှက်ကွဲစေသော၊ ခွဲခြားဆက်ဆံသော၊ စော်ကားသော၊ အသရေဖျက်သော၊ လိမ်လည်လှည့်ဖျားသော သို့မဟုတ် ခြိမ်းခြောက်သော ပြောဆိုချက်များပေးပို့ရန်
- ကုမ္ပဏီ၏ သို့မဟုတ် ပြင်ပအဖွဲ့အစည်း၏ ပိုင်ဆိုင်သော၊ ထိန်းသိမ်းလျှို့ဝှက်အပ်သော သတင်းအချက်အလက်များကို မမှန်ကန်စွာဖွင့်ဟပြရန်
- ကုမ္ပဏီလုံခြုံမှုကို ချိုးဖျက်ခြင်းများ သို့မဟုတ် Colgate ကွန်ရက်နှင့် အတားအဆီး သို့မဟုတ် ဖျက်ဆီးတတ်သော နည်းပညာဆိုင်ရာ ဗိုင်းရပ်စ်များ၊ ကုဒ်များ၊ မဲလ်ဝဲ၊ သူလျှိုနည်းပညာများကိုထည့်သွင်း သို့မဟုတ် ပျံ့နှံ့စေသော ဆက်သွယ်ရေးစနစ်များကို ဖြစ်ပေါ်စေရန် သို့မဟုတ် ခွင့်ပြုရန်
- သုံးစွဲသူလုပ်ပိုင်ခွင့် ထိန်းချုပ်မှုများ သို့မဟုတ် အခြားကွန်ပျူတာလုံခြုံရေး၊ ကွန်ရက်၊ အက်ပလီကေးရှင်း သို့မဟုတ် အခြားနည်းပညာပိုင်းဆိုင်ရာ လုံခြုံရေးများကို ရှောင်တိမ်းရန်

- မူပိုင်ခွင့်အမှတ်အသား၊ ဖြန့်ဝေခွင့်၊ လွတ်လပ်ခွင့်၊ မူပိုင်ခွင့်၊ အမှတ်အသားလျှို့ဝှက်ချက်၊ သို့မဟုတ် အခြားသောတစ်ဦးတည်းပိုင်ဆိုင်ခွင့်၊ အလားတူဥပဒေများ သို့မဟုတ် စည်းမျဉ်းများဖြင့် အကာအကွယ်ပေး ထားသော ကုမ္ပဏီ၏ အခွင့်အရေးများ သို့မဟုတ် တစ်စုံတစ်ဦး၏ အခွင့်အရေးများ ချိုးဖျက်ရန်

- သက်ဆိုင်ရာတရားဥပဒေဖြင့်အကာအကွယ်ပေးထားသော လူတစ်ဦး၏ ကြော်ငြာခွင့်နှင့် ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ခွင့်များကိုဖောက်ဖျက်ရန်

- ပြင်ပမှ စီးပွားဖြစ်စွန့်စားခြင်းများ၊ ဘာသာရေးနှင့်သက်ဆိုင်သော၊ သို့မဟုတ် နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းအရာများ သို့မဟုတ် အခြားလုပ်ပိုင်ခွင့်မရှိသော ကိုယ်ရေးကိုယ်တာအကျိုးအမြတ်ရှာခြင်းများကို တောင်းဆိုခြင်း

- လုပ်ပိုင်ခွင့်မရှိသောဆော့ဖ်ဝဲကို Colgate စီးပွားရေး သို့မဟုတ် ကိုယ်ရေးကိုယ်တာသုံးစွဲရန်အတွက် ဒေါင်းလုဒ်ပြုလုပ် ထည့်သွင်းရန်

- ကုမ္ပဏီ၏ကမ္ဘာ့စီးပွားရေးကျင့်သုံးမှုမူဝါဒအရ တားမြစ်ထားသည့် အခြားအသုံးပြုမှု

- သက်ဆိုင်ရာဥပဒေအရ တားမြစ်ထားသည်မှလွဲပြီး အိုင်တီနည်းပညာအရင်းမြစ်အသုံးပြုခြင်းများအား လုံးကို ပြန်လည်သုံးသပ်ရန်၊ ရပ်ဆိုင်းထားရန်၊ ကန့်သတ်ရန် Colgate တွင် လုပ်ပိုင်ခွင့်အပြည့်ရှိသည်။ ဝန်ထမ်းများအနေနှင့် ကုမ္ပဏီ၏ အိုင်တီအရင်းမြစ်များကိုသုံးစွဲနေပါက ယင်းစီးပွားရေး သို့မဟုတ် ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကွယ်ဝှက်ထား၍မရကြောင်း သိရှိထားသင့်ပါသည်။

### လူမှု မီဒီယာ

- "လူမှု မီဒီယာ" ဆိုသည်မှာ အသုံးပြုသူများအချင်းချင်း အင်တာနက်မှတဆင့် သတင်းအချက်အလက်များ၊ အကြံဉာဏ်များ၊ ထင်မြင်ချက်များ၊ ဗဟုသုတနှင့် စိတ်ဝင်စားစရာများမျှဝေနိုင်ရန် အွန်လိုင်းအသုံးပြုစရာများနှင့် ဝဘ်ဆိုက်များတွင်ခေါ်ဆိုသော အသုံးအနှုန်းဖြစ်ပါသည်။ ဤအွန်လိုင်းဆက်သွယ်ရေးသုံးစွဲစရာများသည် ကျွန်ုပ်တို့အချင်းချင်းနှင့် ကမ္ဘာတစ်ဝှမ်းရှိ ကျွန်ုပ်တို့ပစ္စည်းများကို နှစ်သက်စွာသုံးစွဲနေကြသော ဖောက်သည်များ၊ စျေးဝယ်များ၊ ကုန်ပစ္စည်းပံ့ပိုးရောင်းချသူများနှင့် ကျွမ်းကျင်ပညာရှင်များအကြား ဆက်သွယ်နိုင်သော အသုံးဝင်သည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။ ယင်းတွင်အကျိုးကျေးဇူးများစွာရှိသည်နှင့်အညီ လူမှုမီဒီယာကိုအသုံးပြုနေသော ဝန်ထမ်းများ၊ အခြားပြင်ပပါတီများနှင့် ကုမ္ပဏီကိုယ်တိုင်အား ထိခိုက်စေနိုင်သောအခြေအနေများလည်းရှိပါသည်။

### လူမှုမီဒီယာသုံးစွဲရာတွင် ဆောင်ရန် ရှောင်ရန်များ

- ကုမ္ပဏီအီးမေးလ်လိပ်စာများကို ကိုယ်ရေးကိုယ်တာအရ လူမှုမီဒီယာမှဆက်သွယ်ရာတွင် အသုံးမပြုသင့်ပါ။

- အကယ်၍သင်သည် လူမှုမီဒီယာတွင် မိမိကိုယ်ရေးကိုယ်တာလုပ်ဆောင်ရန် (ဥပမာ ကိုယ်ပိုင်ဖေ့စ်ဘွတ်ခ် သို့မဟုတ် တွစ်တာအကောင့်) ဝင်ရောက်သုံးစွဲပါက သင်သည် ကုမ္ပဏီဝန်ထမ်းဖြစ်ကြောင်း ဖော်ပြကောင်းဖော်ပြနိုင်သည်။ သို့သော် သင့်အကောင့်အမည်အောက်တွင် ကုမ္ပဏီအမည်၊ လုပ်ငန်းဌာန၊ သို့မဟုတ် မည်သည့်သက်ဆိုင်ရာကုန်ပစ္စည်းများအကြောင်း မှ မဖော်ပြရပါ။ ထပ်မံပြီး သင်သည် ကုမ္ပဏီအမှတ်တံဆိပ်၊ လိုဂို သို့မဟုတ် ပစ္စည်းဖော်ပြချက်များကို အသုံးမပြုရပါ။

- အကယ်၍သင်သည် Colgate ကုန်ပစ္စည်းကောင်းကြောင်း အညွှန်းရေးလိုပါက သို့မဟုတ် သင့်ကိုယ်ပိုင်လူမှုမီဒီယာစာမျက်နှာတွင် ကုမ္ပဏီနှင့်သက်ဆိုင်သော အကြောင်းအရာကိုတင်ပြပါက တရားဥပဒေလိုအပ်ချက်အရ ထိုတင်ပြချက်တိုင်းတွင် သင်သည်ကိုးလ်ဂိတ်ကုမ္ပဏီတွင် ဝန်ထမ်းဖြစ်ကြောင်းနှင့် ရေးသားချက်များမှာ သင်တစ်ဦးတစ်ယောက်တည်းထင်မြင်ချက်များသာဖြစ်ကြောင်းထည့်သွင်းဖော်ပြရပါမည်။

- အကယ်၍သင့်လူမှုကွန်ရက်စာမျက်နှာတွင် ကုမ္ပဏီ သို့မဟုတ် ကုန်ပစ္စည်းနှင့်သက်ဆိုင်သော မမှန်ကန်သောသတင်းအချက်အလက် သို့မဟုတ် သတင်းအမှားကို သတိထားမိပါက သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် ကုန်ပစ္စည်းနှင့်သက်ဆိုင်သောမေးခွန်းများ လက်ခံရရှိပါက **ColgatePalmolive.com** တွင်ရှိသော **Contact Us section** သို့ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်သည့်အကြောင်း ကုမ္ပဏီဝဘ်ဆိုက်လင့်ခ်ကိုပေးပြီး တုံ့ပြန်မှုပြုရပါမည်။

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒများတွင်တွေ့နိုင်သော နည်းပညာအရင်းမြစ်နှင့် လူမှုကွန်ရက်မီဒီယာဆိုင်ရာ ကုမ္ပဏီမူဝါဒများကို ကိုးကားပြီး သတင်းအချက်အလက်များကိုထပ်မံရရှိနိုင်ပါသည်။

# ဒါရိုက်တာဘုတ်အဖွဲ့ဝင်များနှင့် ဆက်ဆံရေး

**ကျွန်ုပ်တို့၏ စဉ်ဆက်မပြတ် အောင်မြင်မှုများအတွက် အရေးပါလှသော အကြံများ၊ လမ်းညွှန်မှုများနှင့် ခေါင်းဆောင်မှုများ ပေးအပ်နေသော ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ထူးချွန်ပြောင်မြောက်သော ပုဂ္ဂိုလ်များကို ရရှိထားသည်မှာ ကျွန်ုပ်တို့ ကံကောင်းလှပါသည်။ သူတို့၏ တစ်စုတစ်စည်းတည်းသော စီးပွားရေး၊ ပညာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ နောက်ခံများ၊ နိုင်ငံတကာ အတွေ့အကြုံ၊ ပညာရေးဆိုင်ရာ အောင်မြင်မှု၊ စိတ်နှလုံးနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုနှင့် ကွဲပြားခြားနားမှုများဖြင့် ကျွန်ုပ်တို့၏ ဒါရိုက်တာဘုတ်အဖွဲ့သည် ကုမ္ပဏီ၏ လုပ်ငန်းများအတွက် စူးရှထိရောက်သော အကြံဉာဏ်များကို ပေးအပ်ကြပါသည်။**

## ကျွန်ုပ်တို့တွင် လွတ်လပ်သော၊ အတွေ့အကြုံရှိပြီး ကွဲပြားသော ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ ရှိပါသည်။

လွတ်လပ်စွာ ရပ်တည်နိုင်မှုက ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်စွမ်းရှိမှုကို ပိုမိုဖြစ်ထွန်းစေပါသည်။ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များအား လွတ်လပ်စွာ ရပ်တည်နိုင်သည့် ဒါရိုက်တာများဖြင့် အဓိက ဖွဲ့စည်းထားခြင်းမှာ Colgate ၏ မူဝါဒဖြစ်ပါသည်။ စာရင်းစစ်ခြင်း၊ လျော်ကြေးတောင်းခံခြင်းနှင့် အုပ်ချုပ်မှုကိစ္စများကို ရှုမြင်သုံးသပ်ရသည့် ဘုတ်အဖွဲ့၏ ကော်မတီများတွင် တာဝန်ထမ်းဆောင်သော ဒါရိုက်တာအားလုံးသည် လွတ်လပ်စွာ ရပ်တည်သူများ ဖြစ်ကြပါသည်။ ချိတ်ဆက်နေသော ဒါရိုက်တာဆောင်ရွက်မှုများ မရှိပဲ လွတ်လပ်စွာ ရပ်တည်နေသည့် ဒါရိုက်တာများထဲမှ မည်သူကမျှ အတိုင်ပင်ခံခြင်း၊ တရားဥပဒေအရ သို့မဟုတ် မည်သည့်အခြား ဒါရိုက်တာအလုပ် မဟုတ်သည့် အခကြေးငွေများမဆိုကို ကုမ္ပဏီထံမှ မရယူခြင်းသည် ကုမ္ပဏီ၏ မူဝါဒဖြစ်ပါသည်။

## ဘုတ်နှင့် တိုက်ရိုက်ပွင့်လင်းသော ဆက်ဆံရေးများကို ကျွန်ုပ်တို့ အားပေးပါသည်။

ဘုတ်အဖွဲ့အခန်း၏ အတွင်းနှင့်အပြင် နှစ်ခုစလုံးတွင် Colgate ၏ ဒါရိုက်တာများသည် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုနှင့် မကြာခဏ တိုက်ရိုက် ထိတွေ့မှု ရှိပါသည်။ အဓိက ရာထူးမြင့်သော မန်နေဂျာများသည် ဘုတ်အဖွဲ့အစည်းအဝေးများတွင် ဒါရိုက်တာများနှင့် ပုံမှန် ပါဝင်ကြပြီး မြောက်မြားစွာသော လုပ်ငန်းကိစ္စများ၏ ပွင့်လင်းသော ဆွေးနွေးမှုများတွင် အတူတကွ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ အစီအစဉ်ပြုထားသော ဘုတ်အဖွဲ့အစည်းအဝေးများ အကြားတွင် ဒါရိုက်တာများအား ဖိတ်ကြားပြီး မကြာခဏ ရာထူးမြင့် မန်နေဂျာများနှင့်ဆက်သွယ်ကာ မေးခွန်းမေးခြင်းများ အကြံဉာဏ်ပြုခြင်းများ ပြုလေ့ရှိသည်။ ရရှိလာသော ပွင့်လင်းပြီး ရိုးသားမှုတို့က Colgate ၏ အားလုံးသော ပူးပေါင်းဆောင်ရွက်မှု ဓလေ့ထုံးတမ်းကို ထင်ဟပ်စေပြီး ဘုတ်အဖွဲ့အား ကုမ္ပဏီ၏ စီးပွားရေးဆိုင်ရာ နည်းဗျူဟာများ ဖွံ့ဖြိုးရေးနှင့် ညွှန်ကြားရေးတို့တွင် တက်ကြွသည့် အခန်းကဏ္ဍတစ်ရပ်မှာ ပါဝင်စေသည်။

## ကျွန်ုပ်တို့သည် အရည်အသွေးပြည့်ဝကောင်းမွန်သော လက်တွဲအုပ်ချုပ်မှုဖြစ်လာစေရန် ဆုံးဖြတ်ထားပါသည်

Colgate ၏ ဘုတ်အဖွဲ့သည် ကုမ္ပဏီစီမံခန့် ခွဲမှု ဆောင်ရွက်ချက်များတွင် ပံ့ပိုးပေးသော ခေါင်းဆောင်တစ်ဦး ဖြစ်ပါသည်။ စီးပွားရေး ဆက်ဆံမှုများအားလုံးကို ထိန်းချုပ်ထားသည့် လိုက်နာဖွယ်စည်းမျဉ်းများကို တရားဝင်ကျင့်သုံးပြီး ဘုတ်နှင့် ယင်း၏ကော်မတီများအတွက် ဌာနများရမ်းမှုများကို ပြုလုပ်ရန် လုပ်ငန်းဖော်များအနက်မှ ပထမဦးဆုံးများတွင် တစ်ဦးအပါအဝင်ဖြစ်ပါသည်၊ Colgate သည် ပြီးခဲ့သည့် ဆယ်စုနှစ်သုံးခုအတွင်း စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်စေကာ ပြန်လည်ပြုပြင်လျက်ရှိသော သာလွန်ကောင်းမွန်သည် ကုမ္ပဏီစီမံ ခန့် ခွဲမှု အား နေသားတကျဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ Colgate ၏ ဘုတ်အဖွဲ့သည် ယင်းမူဝါဒများ၏ အလယ်ဗဟိုတွင် တည်ရှိနေပြီး ကောင်းမွန်သော ပူးပေါင်းအုပ်ချုပ်မှုပုံစံသည် ကျွန်ုပ်တို့၏ ရေရှည် စီးပွားရေး အောင်မြင်မှုများကို ပိုမိုဖြစ်ထွန်းစေပြီး အလွန်ပင် အထောက်အကူပေးနိုင်မည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ပါသည်။ Colgate ဝန်ထမ်းများသည် ထင်ရှားသော ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ ပြဿနာများအပေါ် ဘုတ်အဖွဲ့၏ လမ်းညွှန်ချက်များ ကို ကိုးကားပြီး သတင်းအချက်အလက်များထပ်မံရရှိနိုင်ပါသည်။

# ပြင်ပစီးပွားရေးလုပ်ငန်းများနှင့် ဆက်ဆံရေး

**ကျွန်ုပ်တို့တစ်ဦးချင်းစီသည် ပစ္စည်းပံ့ပိုးသူများ၊ ဖောက်သည်များနှင့် အခြားသော ပြင်ပအဖွဲ့အစည်းများမှ ကျွန်ုပ်တိုကို ထင်မြင်ယူဆကြပုံအတွက် တာဝန်ရှိပါသည်။ ရိုးသားမှုအတွက် ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် အဆိုပါ အဖွဲ့များနှင့် မျှတစွာ ဆက်ဆံမှုတို့ကို ထိန်းသိမ်းထားရန် အလွန်အရေးကြီးပါသည်။**

## ကျွန်ုပ်တို့သည် ပြင်ပအဖွဲ့များကို ကျင့်ဝတ်နှင့်အညီ ဆက်ဆံပါသည်။

ပြင်ပအဖွဲ့များနှင့်ဆက်ဆံရေးတွင် ယုံကြည်မှု၊ ပွင့်လင်းရိုးသားသော ဆက်ဆံရေးနှင့် လေးစားမှုရှိသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးခြင်းမှာ ကျွန်ုပ်တို့၏ကတိဖြစ်ပါသည်။ ရိုးသားပြီးတရားမျှတသောဆက်ဆံရေးသည် ပြင်ပအဖွဲ့များနှင့်အလုပ်လုပ်ရာတွင် ကောင်းမွန်ရှည်ကြာလက်တွဲနိုင်ရန် မရှိမဖြစ်အရေးကြီးပါသည်။ အားလုံးသော အလားအလာရှိသည့် ပြင်ပအဖွဲ့အစည်းများအား မျှတပြီး ညီမျှသော ထည့်သွင်းစဉ်းစားမှုများ ပေးပါသည်။ ရောင်းချသူရွေးချယ်မှု ဆုံးဖြတ်ချက်များအား စျေးနှုန်းနှင့် အရည်အသွေးတို့ကဲ့သို့ ရည်မှန်းထားသည့် သတ်မှတ်မှုအပြင် ယုံကြည်ရမှုနှင့် တည်ကြည်မှုပေါ်တွင် အခြေခံပါသည်။

ထို့အပြင် ကျွန်ုပ်တို့သည် ပြင်ပအဖွဲ့များကို စျေးနှုန်းများ၊ အရောင်းမြှင့်တင်သောအခွင့်အရေးများ၊ စျေးကွက်အကူအညီများ သို့မဟုတ် အလားတူများစသည့် အထူးအခွင့်အရေးများမပေးပါ။ ပြင်ပအဖွဲ့များနှင့်ဆက်ဆံခြင်းများကို ဤစည်းမျဉ်းဥပဒေတွင်ပါရှိသည့် အစိုးရနှင့်ဥပဒေတို့နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးအခန်းကဏ္ဍတွင် ထပ်မံဆွေးနွေးထားပါသည်။

Colgate ပြင်ပအဖွဲ့အစည်းဆိုင်ရာမူဝါဒသည် ပစ္စည်းထောက်ပံ့ရောင်းချသူများ၊ ဖြန့်ဖြူးသူများ၊ အကျိုးဆောင်များ၊ ဖောက်သည်များ၊ သုတေသနပါတနာများနှင့် အခြားသောအတူတွဲလုပ်ကိုင်နေသည့် ပြင်ပအဖွဲ့များအားလုံးထံမှ ကျွန်ုပ်တို့ မျှော်လင့်သော လူ့ကျင့်ဝတ်မူဝါဒပေါ်မူတည်ပြီးဖြစ်ပေါ်လာရပါသည်။

Colgate ပစ္စည်းပံ့ပိုးသူများနှင့် အရောင်းသမားများသည် ကျွန်ုပ်တို့နှင့် အလုပ်လုပ်ကိုင်သည့်အခါ သို့မဟုတ် ပျက်ကွက်သည့်အတွက် ကျွန်ုပ်တို့၏ လုပ်ငန်းအား ဆုံးရှုံးနိုင်ချေကို ရင်ဆိုင်ရသည့်အခါ ပြင်ပအဖွဲ့များ၏ လိုက်နာရန်စည်းမျဉ်းများပါ သတ်မှတ်ထားချက် များကို အစဉ်အမြဲ စောင့်ထိန်းရန် အကြံပြုပါသည်။ ထို့အပြင်၊ ဖောက်သည်များ သို့မဟုတ် ပံ့ပိုးသူများ၏ မူဝါဒများကိုလည်း ကျွန်ုပ်တို့၏ မူဝါဒများနှင့် ဆန့်ကျင်မှုမရှိသည့် အနေအထားတစ်ခုအထိ ကျွန်ုပ်တို့ကလည်း လေးစားကာ စောင့်ထိန်းရပါမည်။ **Colgate ပြင်ပအဖွဲ့များ လိုက်နာရမည့် စည်းမျဉ်းများ** အား ဘာသာစကားပေါင်း မြောက်မြားစွာဖြင့် ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည်။

# မသင့်လျော်သော လက်ဆောင်များ ပေးခြင်း သို့မဟုတ် လက်ခံခြင်းများ မပြုလုပ်ပါ

မည်သည့် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်ကိုမဆို လွှမ်းမိုးစေနိုင်သော လက်ဆောင်၊ ငွေကြေး သို့မဟုတ် အခြား အကျိုးခံစားခွင့်တို့ကို ကမ်းလှမ်းခြင်း၊ ပေးခြင်း၊ ယူခြင်း တို့ကို လက်မခံပါ။ သင်မှ လက်ဆောင်၊ ငွေကြေး သို့မဟုတ် အခြားခံစားခွင့်တို့ကို ပေးခြင်း၊ ပေးပြီးဖြစ်နေခြင်း၊ သင့်ကိုပေးရန်ကမ်းလှမ်းခြင်း၊ လက်ခံယူပြီးဖြစ်ခြင်း တို့ ကြုံရပါက တန်ဖိုးအနည်းငယ်သာ ဖြစ်ရပါမည် ($50 USD ခန့်)။ လက်ဆောင်များသည် ငွေသား၊ ငွေသားနှင့်ထပ်တူညီသောအရာများ သို့မဟုတ် ဖူလုံရေးခံစားခွင့်များ မဖြစ်ရပါ။ ထို့အပြင် အရင်းအမြစ်တစ်ခုထံမှ တစ်နှစ်လျှင် တန်ဖိုးနည်းလက်ဆောင် တစ်ခုသာ ပေးခွင့်၊ လက်ခံခွင့်ရှိပါသည်။

အဆိုပါလက်ဆောင်သည် လုပ်ငန်းဆုံးဖြတ်ချက်များကို လွှမ်းမိုးစေနိုင်သည်ဟု သင်ယုံကြည်ပါက Global Legal Organization သို့မဟုတ် Global Ethics and Compliance သို့ ဆက်သွယ်ရပါမည်။

တန်ဖိုးကြီးလက်ဆောင်ကို လက်မခံသဖြင့် ကုမ္ပဏီအတွက် စိတ်အနှောင့်အယှက် ဖြစ်ရပါက ထိုလက်ဆောင်ကို လက်ခံလိုသည့် သင့်ရည်ရွယ်ချက်ကို Global Legal Organization က သုံးသပ်ပါမည်။ ထို့အပြင် ကုမ္ပဏီနှင့် လုပ်ငန်းဆက်နွယ်မှုရှိနေနင့်ပြီး ဖြစ်သော သို့မဟုတ် အနာဂတ်တွင် လုပ်ငန်းဆက်နွယ်မှု တည်ဆောက်လာတော့မည် ဖြစ်သော မိသားစုဝင်အရင်း၏ ကိုယ်စား မဆိုစလောက်တန်ဖိုးထက် ပိုမိုများပြားသော လက်ဆောင်၊ ပေးချေမှု သို့မဟုတ် အခြား အကျိုးအမြတ်ကို စီစဉ်ပေးခြင်း သို့မဟုတ် လက်ခံခြင်း မပြုပါနှင့်။

**ယခုစည်းမျဉ်းကို လိုက်နာပါ-** သင့်အားထိခိုက်မည့် သို့မဟုတ် ထိခိုက်ပုံရနိုင်မည့် လက်ဆောင် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုကို မည်သည့်အခါမျှ မပေးပါနှင့် သို့မဟုတ် လက်မခံပါနှင့်။ ယင်းတွင် အခါအားလျော်စွာ၊ လိုက်လျောညီထွေရှိသော လုပ်ငန်းဆိုင်ရာ ဖျော်ဖြေပေးခြင်း သို့မဟုတ် မဆိုစလောက်တန်ဖိုး ရှိသော လက်ဆောင်များ မပါဝင်ပါ။

အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စည်းမျဉ်းများ မတူညီသော ဖက်ဒရယ်၊ ပြည်နယ်၊ ဒေသတွင်း သို့မဟုတ် နိုင်ငံရပ်ခြား အစိုးရ အရာရှိများ နှင့် အစိုးရဝန်ထမ်းများနှင့် ဆက်ဆံရာတွင် သင့်လျော်ရာ အုပ်ချုပ်ရေးဆိုင်ရာ အထူး စည်းကမ်းများရှိသည်ကို သင်သတိပြုပါ။ Global Legal Organization ထံမှ စာဖြင့်ရေးသားခွင့်ပြုချက်မရဘဲ မည်သည့်နိုင်ငံတွင်မျှ အစိုးရအရာရှိ သို့မဟုတ် ဝန်ထမ်းများကို တည်ဖိုးနည်းသည်များသည်ဖြစ်စေ လက်ဆောင်များ၊ အခြားအရာများ မပေးပါနှင့်။

Colgate ဝန်ထမ်းများသည် ကမ္ဘာလုံးဆိုင်ရာအသုံးစရိတ်များမူဝါဒ နှင့် ဆက်စပ် ခွင့်ပြုပုံစံတို့ကို ကိုးကားပြီး အစိုးရအရာရှိများနှင့် အစိုးရများကို လက်ဆောင်ပေးခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို လေ့လာနိုင်ပါသည်။

# ကုန်သွယ်မှု လျှို့ဝှက်ချက်များနှင့် အခြားသူများ၏ လျှို့ဝှက် သတင်းအချက်အလက်များကို လေးစားမှုရှိပါသည်

သူတစ်ပါး၏ တည်တံ့ကာ အတည်ပြုနိုင်သော ဉာဏပိုင်ဆိုင်မှု အခွင့်အရေးများအပေါ်တွင် သိလျက်နှင့် ချိုးဖောက်ခြင်း မပြုရန်မှာ Colgate ၏ မူဝါဒ ဖြစ်ပါသည်။ အခြားသူများ၏ ကုန်သွယ်မှု လျှို့ဝှက်ချက်များနှင့် အခြားသူများ၏ ထုတ်လုပ်ရောင်းချသော သတင်းအချက်အလက်များကို လေးစားမှုရှိရန်မှာ ကုမ္ပဏီ၏ မူဝါဒဖြစ်ပါသည်။ သင်သည် သင့်ယခင်ကအလုပ်ရှင်၏ ကုန်သွယ်မှု လျှို့ဝှက်ချက်များနှင့် ထုတ်လုပ်ရောင်းချသော သတင်းအချက်အလက်များကို သိရှိနေပြီး Colgate သို့ ရောက်ရှိလာလျှင် ယင်းမှာ အလွန်အရေးကြီးပါသည်။ ယေဘုယျအားဖြင့် ပြိုင်ဘက်လုပ်ငန်းများ၏ ဝန်ထမ်း သို့မဟုတ် ဝန်ထမ်းဟောင်းများကို အလုပ်ခန့်ခြင်းအား မတားမြစ်ပါ။ တိုက်ရိုက်ပြိုင်ဘက်များထံမှဝန်ထမ်းကို အလုပ်ခန့်ပါက ဖြစ်နိုင်ခြေရှိသော ဥပဒေကြောင်းအငြင်းပွားမှုကို စီမံရပါမည်၊ ထိုအထဲတွင် ပြိုင်ဘက်သို့မဟုတ် အခြားအဖွဲ့အစည်းများ၏ လျှို့ဝှက် သို့မဟုတ် ပိုင်ဆိုင်မှုဆိုင်ရာ အချက်လက်များကို ရယူခြင်းလည်း ပါဝင်ပါသည်။ ဤနေရာတွင် မေးခွန်းများပေါ်ပေါက်လာပါက ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းသို့ ဆွေးနွေးတိုင်ပင် သင့်ပါသည်။

ကုမ္ပဏီပြင်ပမှ တစ်စုံတစ်ဦးက သင့်ထံသို့ တီထွင်မှု၊ ရှာဖွေတွေ့ရှိမှု သို့မဟုတ် အတွေးအခေါ်တစ်ခုနှင့် ရောက်ရှိလာပါက၊ အနာဂတ်တွင်ဖြစ်လာနိုင်သော ထိပါးမှု သို့မဟုတ် ငွေကြေးဆိုင်ရာ တောင်းခံမှုတို့မှ ကုမ္ပဏီကို ကာကွယ်ရန် အရေးကြီးပါသည်။ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းအား ဦးစွာ ဆွေးနွေးခြင်းမရှိပဲ သင့်ထံသို့လာသည့် ပြင်ပမှ ပုဂ္ဂိုလ်များအား ယင်းတို့၏ တီထွင်မှု၊ ရှာဖွေတွေ့ရှိမှု သို့မဟုတ် အတွေးအခေါ်သစ် အသေးစိတ်အား ဖော်ပြခြင်းကို ခွင့်မပြုပါနှင့်။ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း သို့မဟုတ် သုံးစွဲသူများ ကိစ္စရပ်ဆိုင်ရာ ဌာနသို့ တောင်းဆိုထားခြင်းမရှိသော အတွေးအခေါ်များဖြင့် သင့်ထံသို့ ချဉ်းကပ်လာသူ အဖွဲ့အားလုံးကို သင့်ဒေသတွင်းရှိ ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်မှုအတွက် ညွှန်းဆိုပါ။

လမ်းညွှန်ချက်များကို ကျွန်ုပ်တို့၏ ပြင်ပဝဘ်ဆိုက်ဖြစ်သော www.colgate.com/innovation တွင် လေ့လာနိုင်ပြီး၊ ဖြည့်သွင်းလိုသူများအတွက် ဖြည့်သွင်းပုံစံများနှင့် လုပ်ဆောင်ပုံများကိုပါ လေ့လာနိုင်ပါသည်။ သင်သည် ကိုယ့်သဘောနှင့်ကိုယ် တင်ပြသော အကြံဉာဏ်များ၊ အကြံပြုချက်များ သို့မဟုတ် စုံစမ်းမှုများကို လက်ခံရရှိပါက ထိုသူအား ကျွန်ုပ်တို့၏ ပြင်ပဝဘ်ဆိုက်တွင် မည်သို့မည်ပုံ တင်ပြနိုင်သည်ကို လမ်းညွှန်ပေးရပါမည်။

# သုံးစွဲသူများနှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေး

**ကျွန်ုပ်တို့၏ ကုမ္ပဏီ၏ ဂုဏ်သိက္ခာသည် ကျွန်ုပ်တို့ ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးကင်းလုံခြုံစေမှု တို့ပေါ်တွင် တည်ဆောက်ထားပါသည်။ ကျွန်ုပ်တို့၏ သံဓိဌာန်ဖြစ်သော သုံးစွဲသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းရေးတို့သည် ကုမ္ပဏီ ဆက်လက်တိုးတက်အောင်မြင်ရေးအတွက် မရှိမဖြစ် အရေးကြီးပါသည်။**



## ကျွန်ုပ်တို့၏ ထုတ်ကုန်ပစ္စည်းများအတွက် အမြင့်ဆုံး စံနှုန်းများကို သတ်မှတ်ထားပါသည်။

Colgate ထုတ်ကုန်ပစ္စည်းများ၏ ယုံကြည်စိတ်ချရမှု၊ အရည်အသွေးနှင့် ထူးခြားသော စွမ်းဆောင်မှုတို့ကြောင်း ယင်းတို့အား သုံးစွဲသူများမှ ယုံကြည်နိုင်ခြင်းကို သေချာနေစေရန် ကျွန်ုပ်တို့ သံဓိဌာန်ချထားပါသည်။ ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်ရာဈေးကွက်ရှိ လူသန်းပေါင်းများစွာအတွက် ဝန်ဆောင်ပေးမှုအပြင် ကျွန်ုပ်တို့ထုတ်ကုန်များကို အထိရောက်အသက်သာဆုံးနည်းဖြင့် ထုတ်လုပ်နိုင်ရန် ကြိုးစားခြင်းဖြင့် ဈေးနှုန်းသက်သာသော ထုတ်ကုန်များကို ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါသည်။

Colgate မှ ရောင်းချသော ထုတ်ကုန်ပစ္စည်းများသည် ဥပဒေက သတ်မှတ်ထားသော ဘေးကင်းစေမှု စံနှုန်းများကို ပြည့်မီယုံသာမက ပိုမိုတင်းကြပ်သော ကျွန်ုပ်တို့ ကုမ္ပဏီ၏ စံနှုန်းများကိုပါ ပြည့်မီပါသည်။ သံသယဖြစ်ဖွယ် ထုတ်ကုန်အား လက်ဆော့သွားခြင်း၊ တလွဲသုံးခြင်း သို့မဟုတ် အတုပြုလုပ်ခြင်းတို့ ဖြစ်လာလျှင် သုံးစွဲသူအား ချက်ချင်းအကူအညီပေးနိုင်ရန် အစီအစဉ်များတွင် ကျွန်ုပ်တို့ ပါဝင်ပါသည်။ သုံးစွဲသူ၏ ကျန်းမာရေး၊ ဘေးကင်းစေမှုနှင့် နေထိုင်ကောင်းမွန်မှုတို့မှာ ကျွန်ုပ်တို့အတွက် အဓိက အရေးကြီးပြီး Colgate ဝန်ထမ်းတစ်ဦးအနေနှင့် ထုတ်ကုန်ပစ္စည်း၏ အရည်အသွေး သို့မဟုတ် ဘေးကင်းစေမှုနှင့် သက်ဆိုင်သည့် သင်တွေ့ရှိသည့် မည်သည့်ကိစ္စကိုမဆို သင့်လုပ်ငန်းယူနစ် ခေါင်းဆောင်အား ချက်ချင်းသတင်းပို့ရန်မှာသင်၏ တာဝန်ဝတ္တရားဖြစ်ပါသည်။

ကျွန်ုပ်တို့ထုတ်ကုန်များအတွင်း ပါဝင်သောအရာများ၏ ဘေးကင်းရေးဆိုင်ရာ အသေးစိတ်အချက်အလက်များကို Global Business Practicess အတွင်းရှိ ပါဝင်သောအရာများ ဘေးကင်းရေးမူဝါဒ- ခေတ်အဆက်ဆက် သင်၏ ယုံကြည်စိတ်ချရမှုကို နေ့စဉ်ရရှိထားခြင်း တွင် လေ့လာပါ။



## သုံးစွဲသူများအားလည်း တုန့်ပြန်မှုများ ပေးပါသည်

ကျွန်ုပ်တို့၏ လုပ်ငန်းမှာ သုံးစွဲသူများအတွက် ထုတ်ကုန်ပစ္စည်းဖြစ်သည့်အတွက် ကျွန်ုပ်တို့၏ အောင်မြင်မှုသည် သုံးစွဲသူ၏ ကျေနပ်မှု၊ ယုံကြည်မှု တို့အပေါ်တွင် မူတည်ပါသည်။ မျှတပြီး တစ်သမတ်တည်းရှိသော သုံးစွဲသူဆက်ဆံကြောင့် ကျွန်ုပ်တို့၏ ရည်မှန်းချက်များကို အကောင်းဆုံးအောင်မြင်အောင် လုပ်နိုင်ပြီး သုံးစွဲသူများ၏ လိုအပ်ချက်များကို ဝန်ဆောင်ပေးနိုင်ပါသည်။

သုံးစွဲသူ၏ လိုအပ်ချက်နှင့် နှစ်သက်မှုများကို ခန့်မှန်းခြင်းနှင့် တုန့်ပြန်ခြင်းတို့၏ အရေးပါပုံကိုလည်း ကျွန်ုပ်တို့ သိရှိပါသည်။ ကျွန်ုပ်တို့၏ ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး သုံးစွဲသူ၏ ထင်မြင်ယူဆချက်၊ စိုးရိမ်မှု နှင့် ကုမ္ပဏီသို့ မေးမြန်းစုံစမ်းမှုတို့မှာ အရေးကြီးသော သတင်းအချက်အလက် ရင်းမြစ်များဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သုံးစွဲသူတို့၏ လိုအပ်ချက်များမှာ အစဉ်အမြဲ ပြောင်းလဲနေသဖြင့် ပြောင်းလဲနေသော လိုအပ်ချက်များကို ကိုင်တွယ်ရန် လူတို့မည်သည့်အရာကို လိုချင်သည်ကို ကျွန်ုပ်တို့ စဉ်ဆက်မပြတ် နားစွင့်နေရပါမည်။

သုံးစွဲသူတစ်ဦးက ကျေနပ်မှုမရှိကြောင်း ဖော်ပြသည့်အခါ ကျွန်ုပ်တို့၏ သုံးစွဲသူများ ကိစ္စအဖွဲ့က ပြဿနာကို ချက်ချင်းကိုင်တွယ်ကာ ယဉ်ကျေး မျှတစွာဖြင့် သုံးစွဲသူ၏ ယုံကြည်မှု ပြန်လည်ရရှိလာအောင် ရနိုင်သမျှ ကြိုးစားအားထုတ် ပြုလုပ်ပါမည်။

# ကျွန်ုပ်တို့၏ ကြော်ငြာပုံမှာ ရိုးရှင်းပြီး မှန်ကန်ပါသည်

ကျွန်ုပ်တို့ လုပ်ငန်း၏ အရေးကြီးဆုံး ရှုထောင့်မှာ ကြော်ငြာခြင်း ဖြစ်ပါသည်။ ကြော်ငြာခြင်းသည် ဖန်တီးယှဉ်ပြိုင်နိုင်မှု၊ ရိုးသားမှု၊ တိကျမှု ရှိရန်လိုပြီး မမှန်မကန်ဖော်ပြခြင်းကို ရှောင်ကြဉ်ကာ သက်ဆိုင်ရာဥပဒေအားလုံးကို လိုက်နာရပါမည်။

ကြော်ငြာဟူသည် ထုတ်ကုန်၏ပုံရိပ်အပြင် များစွာကို ဖန်တီးပေးပါသည်။ ယင်းက အားထားရမှု၊ စိတ်ချရနိုင်မှုနှင့် ယုံကြည်ရမှုတို့အတွက် ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာကို တည်ဆောက်ပေးပါသည်။

ထို့အပြင်၊ ကျွန်ုပ်တို့ ကြော်ငြာသတင်းပါဝင်မည့် မီဒီယာကို ရွေးချယ်ရာတွင်လည်း ဂရုစိုက်ပါသည်။ ကျွန်ုပ်တို့အနေနှင့် ကျွန်ုပ်တို့ကြော်ငြာများကို-

- အတိုင်းအဆမဲ့ သို့မဟုတ် အလွန်အမင်းအကြမ်းဖက်မှုအသုံးပြုခြင်းပါဝင်လျှင်
- လူမှုဆက်ဆံရေးမကောင်းကြောင်း သို့မဟုတ် မကောင်းသောအနေအထား သို့မဟုတ် ကြည့်ရှုသူဘက်မှ လူမှုဆက်ဆံရေးမကောင်းသောအပြုအမူမျိုးဖြစ်စေနိုင်ကြောင်း Colgate မှယူဆလျှင်
- စိတ်အနှောင့်အယှက်ဖြစ်စေသော လိင်ပိုင်းဆိုင်ရာ အပြုအမူ ပါဝင်လျှင်
- လူတစ်ဦး၏ ကိုယ်စိတ်ကျန်းမာရေးကို ထိခိုက်စေသော လှုပ်ရှားမှုများအတွက် အမှန်တကယ် သို့မဟုတ် သွယ်ဝိုက်ထောက်ပံ့မှုပေးလျှင်
- လူများအား အသက်၊ လူမျိုး၊ နိုင်ငံသား၊ လိင်သတ်မှတ်မှု၊ နှစ်သက်ရာလိင်အမျိုးအစား၊ မျိုးနွယ်စု၊ ကိုးကွယ်ရာဘာသာ သို့မဟုတ် မသင့်လျော်သော ခွဲခြားသတ်မှတ်ခြင်းများတွင်အကျုံးဝင်ခြင်းကို ထိခိုက်စော်ကားခြင်းများ၊ လှောင်ပြောင်ခြင်းများ သို့မဟုတ် ဂုဏ်သရေဖျက်ခြင်းများတွေ့ရလျှင် တီဗီအစီအစဉ်များ သို့မဟုတ် အခြားသောမီဒီယာများတွင် ဖော်ပြခွင့်ပြုမည် မဟုတ်ပါ။

ကြော်ငြာများ၊ အမှတ်တံဆိပ်များနှင့် ဒီဇိုင်းများကို ပြင်ဆင်ခြင်း၊ အသုံးပြုခြင်းနှင့် ရွေးချယ်ခြင်းတို့၏ ကြော်ငြာပိုင်းဆိုင်ရာ သင့်တင့်မှု စံနှုန်းများကို ကြည့်ရှုလေ့လာခြင်းဖြင့် ကျွန်ုပ်တို့၏ ထုတ်ကုန်သည် အတုအပပြုလုပ်ခြင်း သို့မဟုတ် ပြိုင်ဆိုင်သူများ၏ နာမည်ကောင်းကို အပေးအယူလုပ်ခြင်း တို့ထက် ယင်းတို့ကိုယ်ပိုင် အရည်အသွေးနှင့် ဂုဏ်သိက္ခာခိုင်မာမှု ပေါ်တွင် အောင်မြင်မှုရရှိပါမည်။ ကြော်ငြာပိုင်းဆိုင်ရာ သင့်တင့်မှုတွင် လိုအပ်သည်မှာ-

- အမှတ်တံဆိပ် ထိပါးခြင်း သို့မဟုတ် မမျှမတ ယှဉ်ပြိုင်ခြင်းတို့နှင့် ပတ်သက်ပြီး ဒေသတွင်း ဥပဒေအရ သတ်မှတ်ချက်များအား တင်းကြပ်စွာ လိုက်နာခြင်း
- လူသိများသော အမှတ်တံဆိပ်များ၊ ဆောင်ပုဒ်များ၊ ကြော်ငြာသည့် ပုံစံနှင့် နိုင်ငံတကာမှ ကုမ္ပဏီများနှင့် ဒေသဆိုင်ရာ ယှင်ပြိုင်သူများ သုံးသော ဂရပ်ဖစ်ပုံများ တို့အား ကူးယူခြင်းအား ရှောင်ကြဉ်ခြင်း

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒများတွင်တွေ့နိုင်သော ကြော်ငြာခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းဆိုင်ရာကုမ္ပဏီမူဝါဒများကိုကိုးကားပြီး သတင်းအချက်အလက်များကိုထပ်မံရရှိနိုင်ပါသည်။

# အစိုးရ၊ ဥပဒေနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး

**ကျွန်ုပ်တို့သည် Colgate နှင့်သက်ဆိုင်သော ဥပဒေအားလုံးကို လိုက်နာပါသည်။ ဥပဒေအတိုင်းဆောင်ရွက်ပြီး ယင်း၏ ဆိုလိုရင်းအား လိုက်နာရန်မှာ ကျွန်ုပ်တို့၏ မူဝါဒဖြစ်ပါသည်။ သင့်စိတ်တွင် သံသယရှိတိုင်း ကမ္ဘာလုံးဆိုင်ရာ တရားဝင်အဖွဲ့အစည်းအား အမြဲ ဆွေးနွေးပါ။**

## အားလုံးသော သက်ဆိုင်ရာ ဥပဒေများကို လိုက်နာပါသည်

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု လမ်းညွှန်များ၊ မူဝါဒများနှင့် လုပ်ထုံးများတွင် ထုတ်နုတ်ဖော်ပြထားသည့် အမေရိကန်ပြည်ထောင်စု၏ သက်ဆိုင်ရာ ဥပဒေများအပြင် ၎င်းတို့ထမ်းဆောင်နေသည့် နိုင်ငံများ၏ ဥပဒေများအား ပြည့်ဝစွာ လိုက်နာနိုင်ရန် ကုမ္ပဏီ၏ လုပ်ရှားမှုများကို ဆောင်ရွက်ရမည်။ ဒေသတွင်း ဥပဒေများနှင့် သက်ဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ ဥပဒေများ သို့မဟုတ် ကုမ္ပဏီ၏ မူဝါဒများကြားတွင် ပဋိပက္ခများရှိသည်ဟု သင်ယူဆပါက ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းနှင့် ဆွေးနွေးပေးပါ။

## အပြိုင်အဆိုင် ဥပဒေများကို လိုက်နာပါသည်

Colgate နှင့် ယင်း၏ ကမ္ဘာ့အနှံ့ရှိ ဝန်ထမ်းများသည် ကျွန်ုပ်တို့ လုပ်ငန်းလုပ်ကိုင်သော နိုင်ငံ၊ ပြည်နယ်နှင့် ဒေသဆိုင်ရာတိုင်းတွင် ပြဋ္ဌာန်းထားသည့် ပြိုင်ဆိုင်မှု ဥပဒေ (အမေရိကန် ပြည်ထောင်စုတွင် ချုပ်ကိုင် စီးပွားစနစ်ကို ဆန့်ကျင်သည့် ဥပဒေဟု ခေါ်ဆို) အား အပြည့်အဝ လိုက်နာရပါမည်။ ဤဥပဒေများ၏ ရည်ရွယ်ချက်မှာ သုံးစွဲသူများအား ကာကွယ်ရန် သို့မဟုတ် အခြားကုမ္ပဏီများအားလည်း ကုမ္ပဏီများသည် စျေးနှိမ့်နှိမ့်၊ ပိုမိုပြီး တီထွင်ကြံဆထားသော ထုတ်ကုန်ပစ္စည်းများ၊ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးကာ၊ စျေးကွက်တွင် ပစ္စည်းပံ့ပိုးမှုနှင့် လိုအပ်မှု အင်အားများကို အနှောင့်အယှက်မပေးပဲ မျှမျှတတ ပြိုင်ဆိုင်ကြောင်း သေချာစေရန် ရည်ရွယ်ပါသည်။ စင်စစ်နီးပါးဖြင့် နိုင်ငံတိုင်းတွင် ပြိုင်ဆိုင်မှု ဥပဒေများ ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ Colgate ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ကမ္ဘာ့ဥပဒေအဖွဲ့အစည်းလိုအပ်ချက်အတိုင်း လမ်းညွှန်မှုများကိုအသုံးချနိုင်သည့် ဈေးအပြိုင်ဥပဒေသများကို လူတိုင်းနားလည်ရန် တာဝန်ရှိပါသည်။

**ကမ္ဘာ့အနှံ့ ပြိုင်ဆိုင်မှုဥပဒေများသည် ထိခိုက်မှုရှိနိုင်သော ပြိုင်ဆိုင်မှုများ ဖြစ်လာနိုင်သည့် ပြိုင်ဆိုင်သူများ အကြား မည်သည့် သဘောတူညီချက်များကိုမဆို တားမြစ်ထားပါသည်။ လိုက်နာမှုအတွက် သော့ချက်မှာ လွတ်လပ်စွာရပ်တည်နိုင်ခြင်း ဖြစ်ပါသည်။ Colgate သည် ၎င်း၏ မြောက်မြားစွာသော လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုများတွင် လွတ်လပ်စွာရပ်တည်၍ ဆောင်ရွက်ရပါမည်။**

- ဈေးနှုန်းသတ်မှတ်ခြင်း
- လေလံဈေးများ သို့မဟုတ် အရောင်းမြှင့်တင်ခြင်းများ
- ဝယ်ယူသုံးစွဲခြင်းနှင့် ရောင်းချခြင်းဆိုင်ရာ သတ်မှတ်ချက်များ
- ဖောက်သည်၊ ဖြန့်ချိသူ သို့မဟုတ် ပစ္စည်းပံ့ပိုးသူ ရွေးချယ်ခြင်း
- မည်သည့် ထုတ်ကုန်အား ထုတ်လုပ်၍ မည်မျှရောင်းချရန် ရွေးချယ်မှု

သတိရရန် အရေးကြီးသည်မှာ တရားမဝင်သော သဘောတူညီချက်များသည် တရားဝင် စာရွက်စာတမ်းဖြစ်ရန်နှင့် ရေးသားထားရန်ပင် မလိုပေ။ ၎င်းသည် နှုတ်ဖြင့်သဘောတူညီခြင်း ဖြစ်နိုင်သည်၊ သို့မဟုတ် ရိုးရှင်းစွာပင် လုပ်ငန်းဆောင်ရွက်သည့် ကိစ္စတစ်ခုမှ ကောက်ချက်ချလိုက်သော သို့မဟုတ် သာမန်ပြောဆိုလိုက်သော မှတ်ချက်များမှ ထွက်ပေါ်လာခြင်း ဖြစ်နိုင်သည်။ သဘောတူညီချက်တစ်ခုသည် တရားမဝင်ဖြစ်သွားရန် အောင်အောင်မြင်မြင် ဆောင်ရွက်ဖို့မလိုပါ။

လက်ရှိ သို့မဟုတ် အနာဂတ် စီးပွားရေးစီမံကိန်းများ အကြောင်း (ဥပမာ – စီစဉ်ထားသော ဈေးနှုန်းတိုးမြှင့်ခြင်း၊ ပစ္စည်းပံ့ပိုးသူများမှ တောင်းဆိုသည့်ကုန်ကျစရိတ်များ၊ ထုတ်ကုန်ပစ္စည်းအသစ် စတင်ခြင်း အစရှိသည်) လျှို့ဝှက် သို့မဟုတ် အများပြည်သူသို့ ပေးမသိသော အချက်အလက်များအား ပြိုင်ဆိုင်သူများမှ ဝေမျှခြင်း သို့မဟုတ် ရရှိသွားခြင်း ဖြစ်သည့်အခါ ကုမ္ပဏီများ၏ လွတ်လပ်စွာရပ်တည်နိုင်မှုကို ထိခိုက်နိုင်ပါသည်၊ တရားမဝင်သော သဘောတူညီချက်အား ကောက်ချက်ချနိုင်သည်။ ယင်းသည် ရောင်းဝယ်မှု ဆက်စပ်နေသော စစ်တမ်းများနှင့် အစည်းအဝေးများတွင် စိတ်ထဲတွင် မှတ်ထားရန် အထူး အရေးကြီးပါသည်။ ယေဘုယျအားဖြင့် ပြိုင်ဆိုင်သူတစ်ဦး ပါဝင်နေနိုင်သည့် မည်သည့် အစည်းအဝေးမဆိုကို ပါဝင်ခြင်း မပြုမီတွင် သင်သည် ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ရယူရပါမည်။ သင်သည် ပြိုင်ဆိုင်သူများနှင့် ကုမ္ပဏီ၏ လျှို့ဝှက် သတင်းအချက်အလက်များကို ဘယ်သောအခါမျှ မျှဝေခြင်း မပြုရပါ။ သင်သည် ပြိုင်ဆိုင်သူတစ်ဦး၏ လျှို့ဝှက်ချက်ဟု ယူဆရသော သတင်းအချက်အလက်ကို ရရှိပါက ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းကို ချက်ချင်း အသိပေးရပါမည်။ ဦးစွာတရားဝင် ခွင့်ပြုချက်မရရှိပဲနှင့် ထိုအချက်အလက်အား အသုံးပြုခြင်း သို့မဟုတ် မျှဝေခြင်း မပြုလုပ်ရပါ။

ပြိုင်ဆိုင်မှု ဥပဒေများသည် အင်အားကြီးမားသည့် ကုမ္ပဏီကြီးများ၏ ခေါင်းပုံဖြတ် သို့မဟုတ် မမျှတသော ဆောင်ရွက်မှုများကို ကာကွယ်ပေးပြီး ယှဉ်ပြိုင်ကွင်းမှာ ပွင့်လင်း၍ မျှတစေရန် ဆောင်ရွက်ပေးပါသည်။ အင်အားမကြီးမားသော ကုမ္ပဏီများမှ ပြုလုပ်လျှင် တရားဝင်သည့် ဆောင်ရွက်ချက်များမှာ အင်အားကြီးမားသော ကုမ္ပဏီများမှ ပြုလုပ်လျှင် တရားမဝင်ဟု သတ်မှတ်နိုင်ပါသည်။ Colgate က ခိုင်မာသည့် ဈေးကွက်ဝေစု ရရှိထားသော တိုင်းပြည်များတွင်၊ အချို့သော စဉ်းစားထားသည့် ဆောင်ရွက်မှုများမှာ (ဥပမာ - တိကျသော လျှော့ဈေးချမှု မူဝါဒ သို့မဟုတ် ရောင်းချရန် ငြင်းဆန်မှု) အင်အားကြီးမားသူ တစ်ဦးအနေနှင့် မတရားပြုခြင်းအဖြစ် သတ်မှတ်ခြင်းမခံရကြောင်း သေချာစေရန် သင့်ဒေသတွင်း တရားဥပဒေအရ ကိုယ်စားလှယ်နှင့် စစ်ဆေးမှု ပြုရပါမည်။

ပြိုင်ဆိုင်မှု ဥပဒေများသည် ပစ္စည်းပံ့ပိုးသူများနှင့် ယင်းတို့၏ ဖောက်သည်များနှင့် ပစ္စည်းဖြန့်ဖြူးသူများအကြား ဆက်နွယ်မှုများပေါ်တွင် အချို့သော ကန့်သတ်ချက်များကို ဖြစ်ပေါ်စေပါသည်။ အများစုသော နိုင်ငံများတွင်၊ ဖောက်သည် သို့မဟုတ် ပစ္စည်းဖြန့်ဖြူးသူများအား ဈေးနှုန်းများ သို့မဟုတ် အရောင်း သတ်မှတ်ချက်နှင့် အခြေအနေများ ဆုံးဖြတ်ရာတွင် လွတ်လပ်ခွင့်မရှိအောင် ပြုလုပ်ရန်ကြိုးစားခြင်း သို့မဟုတ် သူတို့၏ လွတ်လပ်စွာရပ်တည်၍ လုပ်ငန်းဆောင်ရွက်နိုင်ခွင့်အား ကန့်သတ်ခြင်းသည် ပြိုင်ဆိုင်မှု ဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။ ကျွန်ုပ်တို့၏ ဖောက်သည်များအား ကျွန်ုပ်တို့၏ "အကြံပြုထားသော လက်လီ (သို့မဟုတ် ပြန်ရောင်းချခြင်း) ရောင်းချသည့် ဈေးနှုန်းများ" ဟူသည်မှာ အကြံပေးရုံသက်သက်သာ ဖြစ်သည်ကို အထူးအသိပေးရန် အရေးကြီးပါသည်။ ဖောက်သည်များသည် သူတို့ရွေးချယ်ထားသည့် ဈေးနှုန်းအတိုင်း အမြဲလွတ်လပ်စွာ ရောင်းချနိုင်ပါသည်။

ပြိုင်ဆိုင်မှု ဥပဒေများကို ချိုးဖောက်သည့် နောက်ဆက်တွဲ ဖြစ်ရပ်များမှာ အလွန်ပြင်းထန်ပြီး ကုမ္ပဏီအား ဒဏ်ကြေးကြီးမားစွာတပ်ခြင်းနှင့် ပါဝင်ပတ်သက်သည့် မည်သူ့မဆိုအတွက် ပြစ်ဒဏ်များ (ထောင်ဒဏ် ချမှတ်ခြင်းအပါအဝင်) ပေးခြင်းတို့ ဖြစ်နိုင်ပါသည်။ ဖြစ်နိုင်ချေရှိသော ပြိုင်ဆိုင်မှုဥပဒေကို ဆန့်ကျင်သည့်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းသည်ပင်လျှင် သိသာသော ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှုနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အနှောင့်အယှက်များ ဖြစ်လာနိုင်ပါသည်။

ပြိုင်ဆိုင်မှုဥပဒေအောက်တွင် စဉ်းစားပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုသည် ပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း သံသယရှိပါက၊ ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းအား ဆွေးနွေးသင့်ပါသည်။

Colgate ဝန်ထမ်းများသည် နောက်ထပ်အချက်အလက်များကို ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒပါ ကုမ္ပဏီ၏ ယှဉ်ပြိုင်မှုဥပဒေများတွင် လေ့လာနိုင်ပါသည်။

# လုံခြုံရေး ဥပဒေများကို လိုက်နာပါသည်။

သင့်တွင် Colgate အကြောင်း သို့မဟုတ် အပြင်သို့ပေးမသိထားသည့် ("အများပြည်သူမသိစေသည့် အချက်အလက်များ") Colgate နှင့် လုပ်ငန်းတွဲလုပ်နေသည့် နာမည်ကြီး ရောင်းဝယ်ရေး ကုမ္ပဏီများအကြောင်း - ဘဏ္ဍာရေး သို့မဟုတ် လည်ပတ်ဆောင်ရွက်မှု ရလဒ်များ၊ ဖြစ်နိုင်ချေရှိသော ပူးပေါင်းမှု သို့မဟုတ် ရရှိထားမှုများ၊ ပိုင်ဆိုင်မှုများ ဖယ်ထုတ်ခြင်း သို့မဟုတ် ထောက်ပံ့ကြေးပေးခြင်း၊ စျေးကွက်ချဲ့ထွင်ရေး အစီအစဉ်များ သို့မဟုတ် ထုတ်ကုန်သစ် မိတ်ဆက်ခြင်းများ စသည်တို့ကဲ့သို့သော သတင်းအချက်အလက်များကို ရယူနိုင်ခွင့် ရှိနိုင်ပါသည်။

အချက်အလက်များအား လုံလောက်စွာ အများပြည်သူသို့ ဖော်ပြခြင်း မပြုရသေးမီတွင် ၎င်းအား အများပြည်သူသိခွင့်မရှိ ဟုသတ်မှတ်ပါသည် - တနည်းအားဖြင့်၊ သတင်းအချက်အလက်အား ကျယ်ပြန့်စွာ ဖြန့်ဖြူးခြင်းနှင့် အချက်အလက်အား တုန့်ပြန်မှုပြုရန် အစုရှယ်ယာလက်မှတ်စျေးကွက်များ အကယ်၍ ထိုအများပြည်သူသိခွင့်မရှိသော သတင်းအချက်အလက်အား အရေးကြီးသည် ဟုသတ်မှတ်သည် – ဆိုလိုသည်မှာ၊ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်သည့်အခါ မျှော်မှန်းကြည့်ရှုတတ်သော ရင်းနှီးမြှုပ်နှံသူ တစ်ဦးက ထည့်သွင်းစဉ်းစားသည့် သတင်းအချက်အလက် ဖြစ်သည်- ထို့ကြောင့် သင်သည် အောက်ပါ အစုရှယ်ယာလက်မှတ် ဥပဒေနှင့် ကုမ္ပဏီ မူဝါဒများကို လိုက်နာရမည်-

- အများပြည်သူသိခွင့်မရှိသော သတင်းအချက်အလက်နှင့် စပ်လျဉ်းသည့် အဖွဲ့အစည်း (Colgate သို့မဟုတ် အခြား) ၏ စတော့ခ်များ၊ ဘွန်းများ သို့မဟုတ် အခြား အစုရှယ်ယာလက်မှတ်ကိစ္စများကို သင့်ကိုယ်ပိုင် စာရင်း သို့မဟုတ် အခြားသူတစ်ဦး၏ စာရင်းအတွက် ရောင်းဝယ်ဖောက်ကားခြင်း မပြုရ။
- သင်သည် အခြားသူများအား ထိုကဲ့သို့သော အများပြည်သူသိခွင့်မရှိသည့် သတင်းအချက်အလက် ပေါ်တွင် အခြေခံပြီး အဖွဲ့အစည်း၏ စတော့ခ်များ၊ ဘွန်းများ သို့မဟုတ် အခြား အစုရှယ်ယာလက်မှတ် ကိစ္စများအား ဆောင်ရွက်မှုပြုရန် တိုက်တွန်းခြင်း သို့မဟုတ် တွန်းအားပေးခြင်း မပြုလုပ်ရ။
- သင်သည် ထိုကဲ့သို့ အများပြည်သူသိခွင့်မရှိသော သတင်းအချက်အလက်များကို Colgate ပြင်ပမှ ပုဂ္ဂိုလ်များထံသို့ ဖော်ပြခြင်း မပြုရန်၊ နှင့်
- သင်သည် ထိုကဲ့သို့ အများပြည်သူသိခွင့်မရှိသော သတင်းအချက်အလက်များကို Colgate အတွင်းရှိ ပုဂ္ဂိုလ်များထံသို့လည်း သူတို့တွင် ထိုသတင်းအချက်အလက်များကို သိရန်လိုအပ်ခြင်း မရှိခဲ့လျှင် ဆွေးနွေးခြင်း မပြုရ။

နောက်တစ်နည်းအနေဖြင့်၊ သင်သည် Colgate တွင် အလုပ်လုပ်ကိုင်နေစဉ် သင်ရရှိလာသော မည်သည့် အများပြည်သူ သိခွင့်မရှိသော သတင်းအချက်အလက်များကို မဆို အစုရှယ်ယာလက်မှတ် ကိစ္စများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရောင်းဝယ်မှုများတွင် သင့်ကိုယ်တိုင် သို့မဟုတ် အခြားသူများ၏ အကျိုးအမြတ် ရရှိစေရန်အတွက် အသုံးမပြုရပါ။

မည်သည့် အများပြည်သူသိခွင့်မရှိသော သတင်းအချက်အလက်များကိုမဆို သင် Colgate တွင် အလုပ်လုပ်ကိုင်နေစဉ် ရရှိလာပါက၊ သတင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားရန် ဂရုစိုက်ရမည်ဖြစ်ပြီး Colgate သို့မဟုတ် အခြားသက်ရောက်မှုရှိသော ကုမ္ပဏီ၏ အစုရှယ်ယာလက်မှတ် ကိစ္စများကို အများပြည်သူသို့ အချက်အလက်များအား ဖွင့်ချပြီး အချိန်ကာလ အတန်ကြာသည်အထိ သင်သည် မည်သည့်ရောင်းဝယ်မှုမှ (သို့မဟုတ် အခြားသူအားလည်း ရောင်းဝယ်ဖောက်ကားမှု ပြုရန် အကြံပေးခြင်း) မပြုလုပ်ရပါ။ ဤတားမြစ်ခြင်းတွင် စတော့ခ်ရွေးချယ်မှုများ ပြုလုပ်ခြင်းနှင့် ကုမ္ပဏီ၏ အကျိုးရရှိမှု အစီအစဉ်မှတဆင့် Colgate တွင် ရင်းနှီးမြှုပ်နှံရန် သို့မဟုတ် ရင်းနှီးမှုမပြုရန် ဆုံးဖြတ်ချက်များတို့ ပါဝင်ပါသည်။

အများပြည်သူသိခွင့်မရှိသော သတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းရမည့် သင့်တာဝန်သည် Colgate နှင့် သင့်အလုပ်ခန့်အပ်ထားရှိမှု ပြီးစီးသွားသော်လည်း ထိုသတင်းအချက်အလက်များအား အများပြည်သူသို့ မှန်ကန်စွာ ဖော်ပြပြီးစီးသည်အထိ ဆက်လက်ရှိနေမည်ဖြစ်ပါသည်။

သတင်းအချက်အလက်သည် အရေးကြီးသည်၊ မကြီးသည် သို့မဟုတ် အများပြည်သူသို့ လုံလောက်စွာ ဖော်ပြပြီးစီးပြီး ဖြစ်ကြောင်းကို သင့်အနေနှင့် မေးရန်ရှိပါက ကမ္ဘာလုံးဆိုင်ရာ တရားဝင် အဖွဲ့အစည်းသို့ ဆက်သွယ်မှုပြုပြီး သင့်အား တရားဝင် ခွင့်ပြုချက် ပေးအပ်ခြင်းမရှိသေးသ၍ သက်ရောက်မှုရှိသော အစုရှယ်ယာလက်မှတ် ကိစ္စများတွင် ရောင်းဝယ်မှုပြုခြင်း သို့မဟုတ် အချက်အလက်များကို ဖော်ပြမှုပြုခြင်းကို ရှောင်ကြဉ်ရပါမည်။

# လာဘ်ထိုးမှု ဆန့်ကျင်ရေး ဥပဒေများကို လိုက်နာပါသည်။

Colgate ၏ အစိုးရများနှင့် တရားဥပဒေအတိုင်း၊ ကျင့်ဝတ်ညီညွတ်စွာ ဆက်ဆံရန် ဆုံးဖြတ်ထားချက်မှာ တစ်ကမ္ဘာလုံးသို့ သက်ရောက်ပါသည်။ ကုမ္ပဏီမူဝါဒအပြင် အမေရိကန်ပြည်ထောင်စု နိုင်ငံရပ်ခြား ချစားမှု ဆောင်ရွက်ချက်များ ဥပဒေ (“FCPA”) နှင့် ဆင်တူသည့် ကမ္ဘာအနံ့အပြားရှိ လာဘ်ထိုးခြင်းဆန့်ကျင်သည့် ဥပဒေများက ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်များ သို့မဟုတ် ကျွန်ုပ်တို့ လုပ်ငန်းနှင့် ဆက်သွယ်မှုရှိသည့် ကျွန်ုပ်တို့ကိုယ်စား ဆောင်ရွက်နေသော မည်သူ့မဆိုအား မည်သည့် အစိုးရအရာရှိမဆိုကို မည်သည့် လုပ်ငန်းကိစ္စများ ရရှိနိုင်ရန် သို့မဟုတ် အစိုးရလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်များကို သက်ရောက်စေနိုင်ရန် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ကာ တန်ဖိုးရှိသောတစ်စုံတစ်ရာတို့ကို ပေးအပ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းတို့ ပြုလုပ်ခြင်းအား တားမြစ်ပါသည်။

ကုမ္ပဏီ ပေါ်လစီနှင့် အချို့သော သက်ရောက်မှုရှိသည့် ဥပဒေများက လုပ်ငန်းပိုမို တွင်ကျယ်မှုရှိစေရန် ရည်ရွယ်ပြီး အစိုးရအရာရှိများသို့ မည်သည့် အကူအညီ သို့မဟုတ် “ပံ့ပိုးကူညီ” သည့် ငွေပေးမှုမျိုးကိုမဆိုကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ မပြုလုပ်ရန် တားမြစ်ပါသည် (ဥပမာ ဝန်ဆောင်မှုများနှင့် အခြားလုပ်ဆောင်မှုများ ဆောင်ရွက်ရာတွင် ပိုမိုမြန်ဆန်စေရန်အတွက် Colgate နှင့် ပတ်သက်သော အလုပ်ကို အရင်ဆုံး ဆောင်ရွက်ပေးနိုင်ရန် အရာရှိအား ငွေအနည်းငယ်ပေးခြင်း)။ အစိုးရမှ ထုတ်ပြန်သော မည်သည့် တရားဝင်အခကြေးငွေမဆိုသည် မသင့်လျော်သော ပေးချေမှုထဲတွင် မပါဝင်ပါ။

သင်သည် စံနှုန်းများကို တိုက်ရိုက်ဖြစ်စေ အခြားတစ်ဆင့်ခံပြီး သွယ်ဝိုက်ဖြစ်စေ မဖောက်ဖျက်ကြောင်း သေချာစေရန် ကျွန်ုပ်တို့ကုမ္ပဏီ၏ မူဝါဒက ပြဌာန်းထားသည်မှာ တရားဝင်ငွေလက်ခံဖြတ်ပိုင်းပါသည့် အခကြေးငွေ (ဥပမာ ပါမစ် သို့မဟုတ် လိုင်စင်ကြေး) မှလွဲပြီး အစိုးရအရာရှိများအား ဖျော်ဖြေရေး၊ ခရီးသွားလာမှု၊ လက်ဆောင် သို့မဟုတ် အခြားအရာများကို ပေးခြင်းအား အထွေထွေဥပဒေအဖွဲ့မှ သဘောတူကြောင်း စာဖြင့် ကြိုတင်ထုတ်ပြန်ထားခြင်း မရှိပါက ခွင့်မပြုပါ။

Colgate ဝန်ထမ်းများသည် အသေးစိတ်အချက်အလက်များကို ကမ္ဘာလုံးဆိုင်ရာအသုံးစားရိတ်များမူဝါဒ နှင့် ဆက်စပ် ခွင့်ပြုပုံစံတို့တွင် ကိုးကားလေ့လာနိုင်ပါသည်။

“အစိုးရအရာရှိများ” ဟူသော ဝေါဟာရအား ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ကြပြီး ထိုအထဲတွင် မည်သည့် အစိုးရ သို့မဟုတ် ပြည်နယ်နှင့်ဆက်စပ်သော အဖွဲ့အစည်းများ သို့မဟုတ် အသင်းအဖွဲ့များ သို့မဟုတ် တစ်နည်းနည်းဖြင့် တရားဝင်လုပ်ပိုင်ခွင့်အတိုင်း လုပ်ကိုင်နေသူများ ပါဝင်ပြီး ၎င်းတို့သည် အချိန်ပြည့်၊ အချိန်ပိုင်း သို့မဟုတ် အခကြေးငွေမယူဘဲ လုပ်ကိုင်နေသူများ အားလုံး အကျုံးဝင်ကြောင်း သိရှိရန် အရေးကြီးပါသည်။ အစိုးရအရာရှိများအား အစိုးရနှင့် လူမှုဘဝ အစိတ်အပိုင်းတိုင်း၊ အဆင့်တိုင်းတွင် တွေ့နိုင်ပြီး ထိုအထဲတွင် အဆင့်နိမ့် အကောက်ခွန်ဝန်ထမ်းများမှ အဆင့်မြင့် ဥပဒေပြုအရာရှိများ အထိပါဝင်ပြီး ပါမောက္ခများ၊ ဆရာများ၊ သွားဆရာဝန်၊ တိရိစ္ဆာန်ကု ဆရာဝန်၊ အခြား အသက်မွေးဝမ်းကျောင်းပညာရှင်များနှင့် အဓိက အတွေးအခေါ်ခေါင်းဆောင်များ၊ ပြည်နယ်ပိုင်သတင်းမီဒီယာ ဝန်ထမ်းများ ပါဝင်ကြပါသည်။ သင်သည် တစ်စုံတစ်ဦးအား အစိုးရအရာရှိ ဟုတ်မဟုတ် ဆုံးဖြတ်ရန် မဝေခွဲနိုင်ပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ဆက်သွယ်ပါ။

အစိုးရဝန်ထမ်းများနှင့် ဆက်ဆံရာတွင် အစဉ်အမြဲ ရိုးဖြောင့်ပြီး တိုက်ရိုက် ပြောဆိုဆက်ဆံပါ။ အစိုးဝန်ထမ်းများအပေါ် သိလျက်နှင့် သို့မဟုတ် ဆန္ဒပါလျက် လိမ်ညာပြောဆိုမှုများ (နှုတ်သို့မဟုတ် စာဖြင့်) သည် သင်နှင့်တကွ ကုမ္ပဏီအပေါ်တွင်လည်း ကြီးလေးသော ပြစ်ဒဏ်များ ကျရောက်စေနိုင်ပါသည်။

အကယ်၍ Colgate ဝန်ထမ်း သို့မဟုတ် အေးဂျင့်သည် တရားရေးရာများ သို့မဟုတ် အခြား ရုံးပိုင်းလုပ်ဆောင်မှုများတွင် လွှမ်းမိုးမှုရှိစေရန် အစိုးရဝန်ထမ်းတစ်ဦးနှင့် အဆက်အသွယ်ပြုပါက ကုမ္ပဏီ နှင့်/သို့မဟုတ် ၎င်း၏ဝန်ထမ်းများ သို့မဟုတ် တစ်ဆင့်ခံအဖွဲ့အစည်းသည် အချို့သော အကျိုးဆောင်ဥပဒေများကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ သင်သည် အလားတူလုပ်ရပ်မျိုးကို တိုက်ရိုက်ဖြစ်စေ တစ်ဆင့်ခံ အဖွဲ့ဖြင့်ဖြင့်ဖြစ်စေ ပြုလုပ်နေပါက သို့မဟုတ် ပြုလုပ်ရန် အစီအစဉ်ပြုထားပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ဆက်သွယ်ပြီး သင့်လျော်သည့် လိုအပ်ချက်များနှင့် နောက်ထပ်အဆင့်များအတွက် ဆုံးဖြတ်အကြံပေးမှုကို ရယူရပါမည်။

ကုမ္ပဏီမူဝါဒနှင့် သက်ဆိုင်ရာဥပဒေများ အစိုးရအရာရှိများအား လာဘ်ပေးမှုကို တားမြစ်ထားသည်သာမက ပုဂ္ဂလိကအဖွဲ့များနှင့်လည်း လာဘ်ပေးလာဘ်ယူမှုကို တားမြစ်ထားပါသည်။ ကုမ္ပဏီလုပ်ငန်းအတွက် ဆက်သွယ်နေရသည့် မည်သည့်ပြင်ပ အဖွဲ့နှင့်မဆို လက်ဆောင်၊ ငွေကြေး သို့မဟုတ် အခြားအကျိုးခံစားခွင့်၊ သို့မဟုတ် ဥပဒေနှင့်မညီသော အခြားမည်သည့် လာဘ်ပေးမှုမျိုး ပြုလုပ်ပြီး ဆုံးဖြတ်ချက်အား လွှမ်းမိုးစေရန် မကြိုးစားပါနှင့်။

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒပါ အစိုးရဝန်ထမ်းများ၊ အစိုးရများနှင့် ဆက်ဆံခြင်း အပိုင်းတွင် အသေးစိတ် လေ့လာနိုင်ပါသည်။

## နိုင်ငံတကာ ကုန်စည်ရောင်းဝယ်မှု စည်းမျဉ်းများကို လိုက်နာပါသည်။

ကုမ္ပဏီသည် အကျုံးဝင်သော နိုင်ငံတကာ ကုန်သွယ်ရေး ဥပဒေများအားလုံးကို လိုက်နာပြီး ကျွန်ုပ်တို့ မည်သည့်နိုင်ငံတွင် အလုပ်လုပ်နေသည်ဖြစ်စေ အမေရိကန် ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာရန် လိုအပ်ပါသည်။

ကုန်သွယ်ရေးပိတ်ဆို့မှု ဥပဒေများသည် သွင်းကုန်နှင့် ထုတ်ကုန်များအပေါ် သက်ရောက်မှုရှိပြီး ကုမ္ပဏီအား အချို့သော နိုင်ငံများ သို့မဟုတ် သီးခြားပုဂ္ဂိုလ်များ သို့မဟုတ် သီးခြားအဖွဲ့အစည်းများနှင့် စီးပွားရေးပြုလုပ်ခြင်းမှ တားမြစ်ထားပါသည်။ မည်သည့် အခြားအဖွဲ့အစည်းနှင့်မဆို (ရောင်းသူ၊ စားသုံးသူ စသည်ဖြင့်) ဆက်ဆံမှု မပြုမီတွင် ကုမ္ပဏီသည် အဆိုပါအဖွဲ့နှင့် လုပ်ကိုင်ခွင့်ရှိကြောင်း သေချာစေရန် အမေရိကန်အစိုးရမှ ထုတ်ပြန်ထားသော "တားမြစ်ထားသည့် အဖွဲ့အစည်းများ" ထုတ်ပြန်ချက်ပါ စာရင်းနှစ်ခုနှင့်တိုက်ပြီး အဆိုပါအဖွဲ့ကို စစ်ဆေးရပါမည်။

ကုမ္ပဏီသည် အမေရိကန်အစိုးရမှ ပိတ်ပင်မထားသည့် နိုင်ငံရပ်ခြား သပိတ်မှောက်မှုများတွင် ပါဝင်ခြင်းမပြုရန် တားမြစ်ထားပြီး အဆိုပါ သပိတ်မျိုးအတွက် တောင်းဆိုလာပါက ချက်ချင်း သတင်းပို့ပါ။ အလားတူ တောင်းဆိုမှုများအား သင့်လျော်သလို ဆောင်ရွက်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ချက်ချင်းသတင်းပို့ပါ။

Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒပါ နိုင်ငံတကာ ကုန်သွယ်မှုဆက်ဆံရေးများ အပိုင်းတွင် ကုမ္ပဏီ၏ လမ်းညွှန်ချက်များက ရည်ညွှန်းထားသည့် နောက်ထပ် အချက်အလက်များကို အသေးစိတ် လေ့လာနိုင်ပါသည်။

## ကိုယ်ပိုင် အချက်အလက်နှင့် အချက်အလက် ကာကွယ်မှု ဥပဒေကို လိုက်နာပါသည်။

Colgate နှင့် လုပ်ငန်းပိုင်းအရ ဆက်စပ်နေသော ၎င်း၏ ဝန်ထမ်းများ၊ စားသုံးသူများ၊ ထောက်ပံ့သူများနှင့် အခြားအဖွဲ့အစည်းများ၏ ကိုယ်ရေးကိုယ်တာကို Colgate သည် လေးစားမှုရှိပြီး ကိုယ်ရေးအချက်အလက်များကို တာဝန်သိစွာဖြင့် ထိန်းသိမ်းကာ အကျုံးဝင်သော အချက်အလက် ထိန်းသိမ်းရေးနှင့် ကာကွယ်ရေး ဥပဒေများအားလုံးအတိုင်း လိုက်နာဆောင်ရွက်ပါသည်။

Colgate တွင် ဝန်ထမ်းလုပ်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဝန်ထမ်းများသည် အိမ်လိပ်စာ၊ အီးမေးလ်၊ မိသားစုအချက်အလက် စသည့် အချို့သော အချက်အလက်များကို ဝန်ထမ်းဆက်ဆံမှု၏ အုပ်ချုပ်ရေးအတွက် ကုမ္ပဏီကို အသိပေးရပါမည်။

ထို့အတူ ကျွန်ုပ်တို့၏ သုံးစွဲသူများသည်လည်း အမည်၊ အိမ်လိပ်စာ၊ အီးမေးလ် စသည်တို့ကို ကုမ္ပဏီနှင့် ဆက်ဆံရေးအတွက် ပေးအပ်ရပါသည်။

Colgate နှင့် လုပ်ငန်းဆိုင်ရာ ဆက်သွယ်မှုများအတွင်း စားသုံးသူများ၊ ထောက်ပံ့သူများနှင့် အခြားအဖွဲ့အစည်းများသည် အမည်၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်၊ လိပ်စာ၊ အီးမေးလ်လိပ်စာနှင့် အကြွေးဝယ်ကဒ်အချက်အလက် စသည်တို့ကဲ့သို့ ကိုယ်ရေးအချက်အလက်များကို ကုမ္ပဏီသို့ ပေးရပါသည်။

## အဆိုပါအချက်အလက် အားလုံးနှင့်ပတ်သတ်ပြီး Colgate ၏ မူဝါဒမှာ

- ကိုယ်ရေးအချက်အလက်များ မကောက်ယူမီတွင် လုံလောက်သော ကြိုတင်အသိပေးမှု ပြုလုပ်ပါ။
- ဥပဒေလိုအပ်ချက်အရ မိမိသဘောအရ ပါဝင်ခြင်းဖြစ်ကြောင်း သဘောတူဝန်ခံချက်ကို ရယူပါ။
- ဥပဒေအရ လိုအပ်ချက်မရှိပါလျှင် ကိုယ်ရေးအချက်အလက်များကို သတ်မှတ်ရည်ရွယ်ချက်ဖြင့်သာ မှတ်တမ်းတင်ရန် စုဆောင်း၊ လုပ်ဆောင်၊ အသုံးပြုထိန်းသိမ်းပါ။
- ကိုယ်ရေးအချက်အလက်များကို တရားမဝင် အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းမှ ကာကွယ်ရန် လိုအပ်သော ထိန်းသိမ်းမှုတို့ ပြုလုပ်ပါ။
- အကျုံးဝင်သည့် ကိုယ်ရေးအချက်အလက် ဥပဒေများအားလုံးကို လိုက်နာရန်။

အချက်အလက်လုံခြုံမှုနှင့် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများသည် မကြာခဏ အသစ်တိုးချဲ့ခြင်း ပြုပြင်ခြင်းများ ရှိပါသည်။ ကျွန်ုပ်တို့သည် အသစ်ပေါ်ထွက်လာသည့် အချက်အလက်လုံခြုံမှုနှင့် ထိန်းသိမ်းရေး ဥပဒေများအတိုင်း အချိန်နှင့်အမျှ စီစစ်ပြီး ၎င်းတို့နှင့်အညီ သီးခြားပေါ်လစီများကို ပြုလုပ်သွားပါမည်။ Colgate ဝန်ထမ်းများသည် အသေးစိတ် အချက်အလက်များကို ကုမ္ပဏီ၏ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကျင့်သုံးမှုမူဝါဒပါ အချက်အလက်ထိန်းသိမ်းကာကွယ်ခြင်းနှင့် အချက်အလက်ကိုယ်ရေးလုံခြုံမှုတို့တွင် လေ့လာနိုင်ပါသည်။

## မှတ်တမ်း သိမ်းဆည်းမှု ဥပဒေကို လိုက်နာပါသည်။

ကမ္ဘာတစ်လွှားရှိ ဥပဒေများစွာတို့အရ Colgate သည် အချို့သော မှတ်တမ်းများ (ရုပ်ပိုင်းမှတ်တမ်းများနှင့် အီလက်ထရွန်းနစ်အချက်အလက်များ အပါအဝင်) ကို အချိန်းအတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းထားရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်ရန် ပျက်ကွက်ပါက ကုမ္ပဏီအနေဖြင့် ကြီးလေးသော ဒဏ်ကြေးနှင့် ပြစ်ဒဏ်များကို ကျခံရနိုင်ပါသည်။ Colgate သည် ဥပဒေနှင့် ကျင့်ထုံးဆိုင်ရာ လိုအပ်ချက်များအားလုံးနှင့် ကိုက်ညီပြီး ကျွန်ုပ်တို့လုပ်ငန်း၏ မှတ်တမ်းထိန်းသိမ်းခြင်း လိုအပ်ချက်များနှင့် အညီဖြစ်သော မှတ်တမ်းစီမံခန့်ခွဲခြင်းအစီအစဉ်ကို ကျင့်သုံးနေပြီး မလိုအပ်တော့သော မှတ်တမ်းများနှင့် အခြားစာရွက်စာတမ်းများအား သင့်တော်စွာ ဖျက်ဆီးပစ်ပါသည်။

သင်သည် ဥပဒေလိုအပ်ချက်အရ မည်သည့် ဥပဒေအရေး၊ စုံစမ်းစစ်ဆေးမှု သို့မဟုတ် လုပ်ဆောင်မှုဖြစ်စဉ်တွင်မဆို လိုအပ်သောအချက်အလက်များကို ပေးအပ်ရပါမည်။ တရားရုံးဆင့်ခေါ်စာ၊ တရားရုံးအမိန့် လက်ခံရရှိခြင်း သို့မဟုတ် အခြား ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်အတွက် ကုမ္ပဏီအချက်အလက်များကို ထုတ်ပြရန်လိုအပ်ခြင်းတို့ ရှိလာပါက သင်သည် ဥပဒေကခွင့်ပြုသည့်အတိုင်း ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို အသိပေးရမည်ဖြစ်သည်။

အဆိုပါကိစ္စမျိုးတွင် သင်သည် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့မှ ချမှတ်သော လမ်းညွှန်ချက်အားလုံးကို လိုက်နာရမည်ဖြစ်ပြီး တရားရုံးဆင့်ခေါ်စာ၊ စုံစမ်းစစ်ဆေးမှုတို့အရ တုံ့ပြန်ရမည့် မှတ်တမ်းအားလုံးတို့ကို မှတ်တမ်းထိန်းသိမ်းမှု အစီအစဉ်အရ မည်သို့ပင်ရှိသည်ဖြစ်စေ ထိန်းသိမ်းရပါမည်။ အဆိုပါမှတ်တမ်းမျိုးများအား သင်သည် ဖျက်ဆီးခြင်း၊ ပြုပြင်ခြင်းတို့ မပြုလုပ်ရပါ။ မသင့်လျော်သော မှတ်တမ်းဖျက်ဆီးခြင်းသည် ဆိုးရွားသော အကျိုးဆက်ကို ဖြစ်ပေါ်စေပါသည် - ၎င်းတွင် ပြစ်မှု နှင့်/သို့မဟုတ် ရာဇဝတ်မှု အပြစ်ဒါဏ်များနှင့် သင့်နှင့်တကွ ကုမ္ပဏီအတွက် အလုပ်လုပ်ကိုင်မှု အကျိုးဆက်များပါ ခံစားရနိုင်ပါသည်။

သင်သည် စုံစမ်းစစ်ဆေးမှု၊ တရားရင်ဆိုင်ခြင်း သို့မဟုတ် တရားရုံးခေါ်စာအတွက် မှတ်တမ်းများနှင့်ပတ်သတ်ပြီး မေးမြန်းခြင်းခံထားရသော မှတ်တမ်းကို ဖျက်ဆီးရန်အတွက် မရှင်းလင်းပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ဆက်သွယ်ပါ။ Colgate ဝန်ထမ်းများသည် အသေးစိတ်အချက်အလက်များကို "မှတ်တမ်းထိန်းသိမ်းခြင်း အစီအစဉ် ပေါ်လစီ" တွင်လေ့လာနိုင်ပါသည်။

# ကျွန်ုပ်တို့သည် နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်းမပြုပါ။

မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရအဆင့်၊ မည်သည့်ပါတီအတွက်မဆို ကုမ္ပဏီသည် ငွေကြေးသို့မဟုတ် ပိုင်ဆိုင်မှု ပါဝင်ကူညီမှု မပြုလုပ်ပါ။ နိုင်ငံရေးတွင်ပါဝင်ပတ်သက်ခြင်း ဟူသည်မှာ ငွေကြေးပါဝင်မှုရော ငွေကြေးနှင့်မသက်ဆိုင်သော ပါဝင်မှုကိုပါဆိုလိုသည်။ ငွေကြေးမဟုတ်သော ထည့်ဝင်လှူဒါန်းမှုများမှာ ရန်ပုံငွေလက်မှတ် ဝယ်ယူခြင်း၊ ထုတ်ကုန်လှူဒါန်းခြင်း၊ ပုံမှန်အလုပ်ချိန်အတွင်း Colgate ဝန်ထမ်းများမှ လုပ်အားပေးဆောင်ရွက်ခြင်းနှင့် Colgate ပိုင်ပစ္စည်းများအား ရန်ပုံငွေရှာရန်နှင့် နိုင်ငံရေးရည်ရွယ်ချက်အလို့ငှာ အသုံးပြုခြင်းတို့ ပါဝင်ပါသည်။ သင့်တွင် နိုင်ငံရေးအတွက် ထည့်ဝင်ကူညီခြင်းနှင့် ပတ်သတ်ပြီး မေးမြန်းလိုပါက ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့ကို ဆက်သွယ်ပါ။

နိုင်ငံရေးအတွက် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ ငွေထည့်ဝင်သော မည်သည့် Colgate ဝန်ထမ်း သို့မဟုတ် ကုမ္ပဏီနှင့် ဆက်စပ်နေသူ (ပြင်ပ အကျိုးဆောင်များနှင့် အခြားအဖွဲ့အစည်းများအပါအဝင်) တို့အား ကုန်ကျစရိတ်အစားပြန်ပေးခြင်းအား တားမြစ်ထားပါသည်။

Colgate ဝန်ထမ်းတစ်ဦးစီသည် ၎င်းတို့နှစ်သက်ရာ ပါတီ သို့မဟုတ် အမတ်လောင်းများကို မိမိဘာသာ ပံ့ပိုးကူညီခြင်းများ လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ မိမိဘာသာ ပံပိုးကူညီခြင်းသည် တစ်ဦးစီ၏ လုပ်ဆောင်တာဝန်ခံမှုသာဖြစ်ပြီး Colgate သို့မဟုတ် ၎င်း၏လည်ပတ်နေသည့် မည်သည့် ကုမ္ပဏီများကိုမျှ မည်သည့်နည်းနှင့်မျှ ရည်ညွှန်းခြင်း မရှိစေရပါ။

အခြားသော နိုင်ငံတကာ ကုမ္ပဏီများ အများစုနည်းတူ Colgate သည် နစ်စဉ်ကြေးများအား ကုန်သွယ်ရေးနှင့် စက်မှုအဖွဲ့အစည်းများစွာတို့ကို တာဝန်ယူ ပေးအပ်နေပါသည်။ အဆိုပါအဖွဲ့အစည်းများက Colgate ပေးငွေများမှ မည်သည့်အစိတ်အပိုင်းကိုမျှ နိုင်ငံရေးတွင် ငွေထည့်ဝင်မှုများ မပြုလုပ်ကြောင်း သေချာစေရန် Colgate ဗဟိုကျင့်ဝတ်နှင့် လိုက်နာမှု အရာရှိမှ ကျွန်ုပ်တို့၏ အသိပေးစာအား အမေရိကန်ကုန်သွယ်ရေး အဖွဲ့အစည်းအားလုံးသို့ နှစ်စဉ်ပေးပို့ပါသည်။ ၎င်းတွင် Colgate သည် အဖွဲ့ဝင်အား ငွေကြေးပေးအပ်ပြီး လိုအပ်သော ကုန်သွယ်ရေးအဖွဲ့အားလုံးသည် Colgate ထံမှ ငွေလက်ခံရရှိကာ နှစ်ပတ်လည် အသိအမှတ်ပြုလုပ်ငန်းစဉ်တွင် ပါဝင်ရပါသည်။ ထပ်မံလေ့လာရန် ကျွန်ုပ်တို့၏ colgatepalmolive.com ရှိ "အစိုးရအခန်းကဏ္ဍ" တွင်တွေ့နိုင်သော နိုင်ငံရေးပါဝင်မှုဆိုင်ရာ မူဝါဒကို ကိုးကားပါ။

# လူမှုအဖွဲ့အစည်းနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး

## ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာ လူ့အဖွဲ့အစည်းတွင် ပံ့ပိုးပါဝင်သော အဖွဲ့ဝင်တစ်ဦးအဖြစ် တည်ရှိလိုပါသည်။

Colgate တွင်အလုပ်လုပ်စဉ် ကျွန်ုပ်တို့သည် လူ့အသိုင်းအဝိုင်းအတွင်း ခံတွင်းကျန်းမာရေး၊ တစ်ကိုယ်ရည်စောင့်ရှောက်မှု၊ နေအိမ်အားစောင့်ရှောက်မှုနှင့် အိမ်မွေးတိရိစ္ဆာန်များအာဟာရနှင့် ကျန်းမာရေးတို့ကို ဦးတည်ချက်တူညီသော၊ အသင်းအဖွဲ့နှင့်အလုပ်လုပ်ကိုင်သော၊ လေးစားမှုရှိသော၊ လူ့ကျင့်ဝတ်အပြုအမူလူမှုရေးအဖွဲ့အစည်းများနှင့်အတူ ကျွမ်းကျင်စွာလုပ်ဆောင်ပါသည်။



### ကျွန်ုပ်တို့သည် ဒေသတွင်း ပေးကမ်းမှုနှင့် လုပ်အားပေးများတွင် ပါဝင်ဆောင်ရွက်ပါသည်

ကမ္ဘာတစ်လွှားတွင် ဒေသတွင်း လူမှုအဖွဲ့အစည်းများ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများတွင် ပါဝင်ခြင်းသည် ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်ပါသည်။ အဆိုပါစီမံကိန်းများတွင် အလှူအတန်းဆိုင်ရာနှင့် တာဝန်ယူမှုအားဖြင့်နွမ်းပါးသူများကို ကူညီခြင်း၊ ကပ်ဘေးဒါဏ်ကြောင့် ဒါဏ်ရာရသူများနှင့် အိမ်ယာမဲ့များကို ကူညီခြင်းတို့ ပါဝင်ပါသည်။

ကျွန်ုပ်တို့၏အဓိကဦးတည်ချက်မှာ အထူးသဖြင့်လူငယ်များ၏ ခံတွင်းကျန်းမာရေးဆိုင်ရာပညာဗဟုသုတဖြစ်ပါသည်။ ကလေးများအတွက် ယနေ့တွင် ရင်းနှီးမြုပ်နှံခြင်းက ကျွန်ုပ်တို့အားလုံးကို မနက်ဖြန်တွင် အကျိုးရရှိစေသည်ဟု Colgate မှ ယုံကြည်ပါသည်။ ထို့ကြောင့် ကုမ္ပဏီသည် စာဖတ်ခြင်းအစီအစဉ်များ၊ ကောင်းရာညွှန်ပြမှု ဆောင်ရွက်ချက်များ ပညာသင်ထောက်ပံ့ဆုများ၊ အားကစားပြိုင်ပွဲများနှင့် အခြားလူငယ်ရေးရာများကို ကမ္ဘာတစ်ဝှမ်းတွင် ထောက်ပံ့နေခြင်း ဖြစ်ပါသည်။ အဆိုပါ အားထုတ်မှုများက လူငယ်များတွင် ယှဉ်ပြိုင်လိုစိတ်နှင့် အောင်မြင်မှုလိုလားစိတ်တို့ကို ဝင်သွားစေပါသည်။

ကုမ္ပဏီသည် ၎င်း၏ဝန်ထမ်းများအား ဒေသတွင်းပရဟိတလုပ်ငန်းများတွင် အားလပ်ချိန်များအတွင်း နှစ်သက်ရာ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပါသည်။ ကျွန်ုပ်တို့၏ တောက်ပသောအပြုံး တောက်ပသောအနာဂတ် အစီအစဉ်သည် Colgate အား ကျွန်ုပ်တို့ နေထိုင်ပြီး အလုပ်လုပ်ရာ လူမှုအသိုင်းအဝန်းများတွင် သိသာထင်ရှားသော အကျိုးသက်ရောက်မှုကို ရှိစေပါသည်။



### ကျွန်ုပ်တို့၏ လုပ်ငန်းကို သက်ရောက်မှုရှိသော ကိစ္စရပ်များအတွက် အစိုးရများနှင့် အတူလုပ်ဆောင်ပါသည်

ကျွန်ုပ်တို့ကုမ္ပဏီသည် နိုင်ငံပေါင်း ၂၀၀ ကျော်တွင် လုပ်ငန်းများ လည်ပတ်နေပါသည်။ ဒေသတွင်းနှင့် နိုင်ငံတော် အစိုးရများနှင့် အတူပူးပေါင်း လုပ်ကိုင်ရန်မှာ ကျွန်ုပ်တို့၏ ပေါ်လစီ ဖြစ်ပါသည်။ တစ်ချိန်ချိန်တွင် ကျွန်ုပ်တို့၏ လုပ်ငန်းများကို သက်ရောက်မှုရှိသော ကိစ္စရပ်များ ပေါ်ပေါက်လာနိုင်ပါသည်။ သတိဖြင့် ချဉ်းကပ်ပြီးနောက် ကုမ္ပဏီသည် ကျွန်ုပ်တို့လုပ်ငန်းရည်မှန်းချက်များနှင့် လိုအပ်ချက်များကို အထောက်အပံ့ပြုနိုင်မည့် ကိစ္စရပ်များအတွက် ထင်မြင်ချက်များနှင့် အကြံဉာဏ်တို့ကို အစိုးရများထံ တင်ပြပါမည်။ သို့သော် ထိုအခြေအနေမျိုးသည် သင်၏မန်နေဂျာနှင့် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့အား ဦးစွာပထမ တိုင်ပင်ဆွေးနွေးမှုကို မပြုလုပ်ဘဲ ဖြစ်လာမည်မဟုတ်ပါ။

### အမြတ်ထုတ်သော၊ လူသားမဆန်သော လုပ်အားရယူမှုကို ကန့်ကွက်ပါသည်

Colgate သည် ကလေးလုပ်သား တရားမဝင် အသုံးပြုမှု၊ လူလူချင်း ခေါင်းပုံဖြတ်မှုနှင့် အလုပ်သမားများအား အခြားသော လက်မခံနိုင်ဖွယ် ပြုမူဆက်ဆံမှုများကို ဆန့်ကျင်ပါသည်။

ထို့အပြင် Colgate ၏မူဝါဒအရ လူသားမဆန်သည့် အလုပ်သမားခိုင်းစေမှုများ ပြုလုပ်သည့် ကန်ထရိုက် သို့မဟုတ် ကုန်ပစ္စည်းတင်သွင်းသူတို့နှင့် တွဲအလုပ်မလုပ်ပါ။ ၎င်းတို့တွင် ပါဝင်သည်တို့မှာ-

- ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း
- ကိုယ်ထိလက်ရောက်အပြစ်ပေးခြင်း
- စော်ကားနှိပ်စက်ခြင်း
- မိမိသဘောအရမဟုတ်ဘဲ အကြွေးကို အလုပ်ဖြင့်ဆပ်ရခြင်း သို့မဟုတ်
- အခြားသော မတရားဆက်ဆံမှုများ

Colgate သည် အခြားသော အလုပ်သမားဥပဒေများကို ဖောက်ဖျက်ခြင်းအားခွင့်မလွှတ်ဘဲ ကုမ္ပဏီတွင် မည်သည့် ကျူးလွန်မှုမျိုးမဆို ဖြစ်ပွားသည်ကို သိရပါက လုပ်ငန်းလုပ်ဆောင်မှု အဆုံးသတ်ခြင်း ဖြစ်ပွားနိုင်ပါသည်။

## အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးများအပေါ် ကတိကဝတ်ပြုကြောင်း ကျွန်ုပ်တို့ပြသပါသည်

Colgate သည် ကမ္ဘာတစ်လွှား လူ့အခွင့်အရေးများနှင့် အလုပ်သမား အခွင့်အရေးများကို အလေးထားပြီး ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာချက်ကို ထောက်ခံပါသည်။ ထို့အပြင် ကမ္ဘာလုံးဆိုင်ရာ ဆုလေဗန်စည်းမျဉ်းများကိုလည်း တည်ထောင်သည့် အဖွဲ့ဝင်ဖြစ်ပါသည်။ Colgate သည် အဓမ္မလုပ်အားခိုင်းစေမှုအပေါ် သုံးစွဲသူကုန်ပစ္စည်းဖိုရမ်၏ ကြေငြာချက်ကိုလည်း လိုက်နာထောက်ခံပြီး ၎င်း၏ လုပ်ငန်းဦးစားပေးစည်းမျဉ်းများကိုလည်း ကျင့်သုံးပါသည်။ သံမိဋ္ဌာန်များကို ဖော်ဆောင်ရာတွင် Colgate သည် အောက်ပါစံနှုန်းများကို မြှင့်တင်သော စီးပွားဖက်များနှင့် လက်တွဲလုပ်ဆောင်ပါသည်-

- လူမျိုး၊ အရောင်၊ ဘာသာ၊ ကျား/မ၊ ကျား/မကွဲပြားမှု၊ မွေးဖွားရာနိုင်ငံ၊ နိုင်ငံသားဖြစ်မှု၊ လူမျိုး၊ အသက်၊ လိင်တိမ်းညွှန်မှု၊ မသန်စွမ်းမှု၊ အိမ်ထောင်ရေး သို့မဟုတ် မိသားစုအခြေအနေ၊ စစ်မှုထမ်းအခြေအနေ သို့မဟုတ် ဥပဒေအရ ကာကွယ်ပေးထားသော မည်သည့် လက္ခဏာရပ်များအရ ကွဲပြားမှုရှိသည်ဖြစ်စေ အဆင့်တိုင်းရှိ ဝန်ထမ်းများကို သာတူညီမျှ အခွင့်အရေးပေးပါသည်၊
- ကောင်းမွန်သာယာမှုကို ဖြစ်ပေါ်စေပြီး ပတ်ဝန်းကျင်ကို ကာကွယ်သော ဘေးကင်းကျန်းမာသည့် အလုပ်ခွင် ဖြစ်လာစေရန်၊
- အကျုံးဝင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းအားလုံးနှင့် အညီဖြစ်သော လုပ်အားခများ၊
- ဥပဒေအရ သတ်မှတ်ထားသော အလုပ်ချိန်နှင့် အချိန်ပိုကြေးတို့ကို ဒေသတွင်း ဥပဒေများနှင့်အညီ လိုက်နာရန်၊
- ဝန်ထမ်းများ၏ ဥပဒေနှင့်အညီ လွတ်လပ်စွာ အသင်းဝင်ခြင်းနှင့် တောင်းဆိုမှုပြုလုပ်ရန် အသင်းဖွဲ့ခြင်းဆိုင်ရာ ဥပဒေအရ ရပိုင်ခွင့်များကို လေးစားရန်၊
- အလုပ်ခန့်ခြင်း၊ ဝန်ထမ်းခန့်ထားခြင်း လုပ်ငန်းစဉ်တွင် ဝန်ထမ်းများအနေဖြင့် အေဂျင်စီ၊ အလုပ်ခန့်သူ သို့မဟုတ် ပွဲစားတို့အား အခကြေးငွေ သို့မဟုတ် စရံငွေ ပေးရန် မလိုအပ်ပါ (ငွေကြေး)၊
- အလုပ်ခန့်ရာတွင် ဝန်ထမ်းများသည် ၎င်းတို့ လွတ်လပ်စွာသွားလာမှုကို ကန့်သတ်နိုင်သော ကိုယ်ရေးကိုယ်တာ စာရွက်စာတမ်းများ၊ ခရီးသွားစာရွက်စာတမ်းများ သို့မဟုတ် အဖိုးတန်အရာများကို ဥပဒေကြောင်းအရ မလိုအပ်ပါက ပေးအပ်ရန် မလိုပါ၊
- အလုပ်ခန့်ထားမှုကို ဝန်ထမ်း၏ လွတ်လပ်ပြီး အသိပေးထားသော သဘောတူဝန်ခံချက်အပေါ် အခြေခံကာ အလုပ်ခန့်ထားခြင်းနှင့် ခန့်ထားမှု ရပ်ဆိုင်းခြင်းကို ဆောင်ရွက်ပါသည်၊
- အလုပ်လုပ်နေစဉ်နှင့် အလုပ်မှ ထွက်သော ကာလတစ်လျှောက် လုပ်အားခပေးချေမှုကို ဥပဒေအရ စာချုပ်စည်းကမ်းများအတိုင်း ပေးပါသည်။

# ကျွန်ုပ်တို့နှင့် ပတ်ဝန်းကျင် ဆက်ဆံရေး

**ပိုမိုသန့်ရှင်းကျန်းမာသော သဘာဝပတ်ဝန်းကျင်သည် ရှိသင့်ရှိထိုက်သည့် အတွက်သာမက ကောင်းမွန်သော စီးပွားရေးလုပ်ဆောင်မှုလည်း ဖြစ်သည့်အတွက် Colgate အတွက် အရေးကြီးသည့်အချက် ဖြစ်ပါသည်။ ကမ္ဘာမြေ၏ ကုန်ဆုံးသွားနိုင်သော အရင်းအမြစ်များ ထိန်းသိမ်းရေးနှင့် မျိုးဆက်သစ်တို့၏ ကမ္ဘာမြေသာယာလှပအောင် ထိန်းသိမ်းရေးတို့အတွက် ကျွန်ုပ်တို့သည် တတ်နိုင်သည့်အပိုင်းမှ ဆောင်ရွက်နေပါသည်။**

## ကျွန်ုပ်တို့သည် ရေရှည်တည်တံ့မှုနှင့် လူမှုရေးရာ တာဝန်ခံယူမှုတို့တွင် ပါဝင်ပါသည်

Colgate တွင် ကျွန်ုပ်တို့သည် ရှင်သန်ရပ်တည်ရေးအတွက် ပြတ်သားသော ဦးတည်ချက်ကို ကျင့်သုံးနေပြီး ၎င်းကို ကျွန်ုပ်တို့လုပ်ငန်း၏ အခန်းကဏ္ဍတိုင်းတွင် အသုံးချနေပါသည်။ Colgate သည် ရှင်သန်ရပ်တည်ရေး စည်းမျဉ်းများကို အစဉ်ထောက်ခံနေပြီး ကျွန်ုပ်တို့၏ အဓိကတန်ဖိုးများဖြစ်သော - စောင့်ရှောက်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ အသင်းအဖွဲ့လုပ်ဆောင်မှုနှင့် စဉ်ဆက်မပြတ်တိုးတက်ရေး - တို့က ကျွန်ုပ်တို့၏ ရှင်သန်ရပ်တည်ရေး အားထုတ်မှုများကို လမ်းပြပေးပါသည်။ ကျွန်ုပ်တို့၏ ဦးတည်ချက်သည် လူများ၊ စွမ်းဆောင်ရည်နှင့် ကမ္ဘာမြေအပေါ်တွင် ဆက်လည် တည်ရှိနေပါသည်။



Colgate ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဘဝများ ပိုမိုကောင်းမွန်အောင် ကူညီခြင်း



ကျွန်ုပ်တို့ ရှင်သန်လုပ်ကိုင်သော လူမှုဝန်းကျင်များအကျိုး သယ်ပိုးခြင်း



သုံးစွဲသူများကို ဝမ်းမြောက်စေပြီး ကျွန်ုပ်တို့ကမ္ဘာကြီးနှင့် သဟဇာတဖြစ်စွာ ရပ်တည်နေသော ကုန်အမှတ်တံဆိပ်များ



ကျလာသော ရေစက်တိုင်းကို အကျိုးရှိစေခြင်း



ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကျွန်ုပ်တို့၏ သက်ရောက်မှုကို လျှော့ချခြင်း

ထို့အပြင် ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်များ သာယာဝပြောရေးအတွက် ဆောင်ရွက်နေချိန်နှင့် တပြိုင်နက်တည်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ ရှင်သန်ရပ်တည်ရေး ဦးတည်ချက်ဖြစ်သော Colgate ၏ လုပ်ငန်းများ မှန်မှန်တိုးတက်ကာ ဝန်ထမ်းများ၊ ရှယ်ယာရှင်များ၊ စားသုံးသူများ၊ ကမ္ဘာတစ်ဝှမ်း စားသုံးသူများနှင့် အရင်းအနှီးရှင်များ အပါအဝင် ကျွန်ုပ်တို့မှ ဝန်ဆောင်ပေးနေသူအပေါ် တာဝန်ယူကာ အကျိုးခံစားခွင့်ရှိရေးအတွက် လုပ်ဆောင်နေပါသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အဆိုပါလုပ်ဆောင်ချက်များကို ကျွန်ုပ်တို့၏လုပ်ငန်းလည်ပတ်မှုအတွင်း ပေါင်းစပ်ခြင်းဖြင့် ကျွန်ုပ်တို့၏ ရှင်သန်ရပ်တည်ရေးနှင့် လူမှုတာဝန်ယူရေးတို့အပေါ် အားထုတ်မှုသည် တိုးတက်လာခဲ့ပါသည်။ အဆိုပါ ပေါင်းစပ်သည့်နည်းသည် ကျွန်ုပ်တို့၏ ရှင်သန်ရပ်တည်ရေးနှင့် လူမှုတာဝန်ယူရေး လုပ်ဆောင်ချက်များနှင့် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ချက်တို့ကို ခွန်အားဖြစ်စေပြီး ကျွန်ုပ်တို့အတွက် အရည်အသွေးအကောင်းဆုံး ဝန်ထမ်းများကို ခန့်ထားရန် အကူအညီပေးကာ၊ ကျွန်ုပ်တို့၏ ငွေရင်းနှီးသူများနှင့် ကောင်းမွန်သော ဆက်ဆံရေးထူထောင်ပြီး တီထွင်မှုအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေးပါသည်။ အရေးအကြီးဆုံး ဖြစ်နိုင်သည်မှာ အဆိုပါ အားထုတ်မှုက ကမ္ဘာတစ်ဝှမ်းရှိ Colgate ဝန်ထမ်းများအား စိတ်လှုပ်ရှားစေပြီး ပူးပေါင်းပါဝင်လာစေပါသည်။

ကုမ္ပဏီ၏ ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စွာ ရပ်တည်နိုင်သည့် အစီအစဉ်နှင့် အစပျိုးလုပ်ငန်းများကို ပိုမိုသိလိုပါက ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စွာ ရပ်တည်ခြင်း- ကမ္ဘာကြီးအတွက် ပြုံးပျော်စရာ အကြောင်းပြချက်များပေးခြင်းတွင် ကြည့်ပါ။

# ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးအား စောင့်ရှောက်ပြီး ကာကွယ်ပါသည်

ကုမ္ပဏီသည် ကမ္ဘာမြေ၏ ကုန်ခန်းသွားနိုင်သော အရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် စောင့်ရှောက်ရန်အတွက် အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးဆိုင်ရာ သံဓိဋ္ဌာန်က ကျွန်ုပ်တို့၏ စွမ်းအင်အသုံးပြုမှု၊ ကာဗွန်ထုတ်လွှတ်မှု၊ ရေသုံးစွဲမှုနှင့် အမှိုက်ပြန်လည်အသုံးချခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ပေါင်းကူးပေးထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အကျုံးဝင်သော သဘာဝပတ်ဝန်းကျင် ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအပြင် ၎င်းတို့ ကိုယ်စားပြုနေသော လူထုပေါ်လစီများကိုလည်း စိတ်ရောကိုယ်ပါ တိကျလေးနက်စွာ လိုက်နာရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် လူထုနှင့် ပွင့်လင်းသော ဆက်ဆံရေးထားရှိပြီး ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်ရာရှိ လူမှုအသိုင်းအဝန်းများနှင့် တက်ကြွပြီး လုပ်ဆောင်မှုရှိသော မိတ်ဖက်အခြေအနေကို ထူထောင်ထားပါသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဗျူဟာနှင့် အစီအစဉ်များနှင့် ပတ်သက်ပြီး စားသုံးသူများအား သတင်းအချက်အလက်များ ဆက်လက်မျှဝေသွားကာ ကျွန်ုပ်တို့နှင့် ဦးတည်ချက်တူသူများ၊လူမှုခေါင်းဆောင် များနှင့် အတူပူးပေါင်းပြီး လုပ်ဆောင်သွားပါမည်။

လုပ်ဆောင်နေဆဲ နည်းဗျူဟာဖြစ်သော သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု လျှော့ချရေးသည် ကျွန်ုပ်တို့၏ ထုတ်လုပ်မှု၊ ထုတ်ပိုးမှု၊ ဖြန့်ဝေမှုနှင့် ထုတ်ကုန်များဈေးကွက်တင်မှုတို့တွင် ပေါင်းစပ်အစိတ်အပိုင်းအဖြစ် ပါဝင်နေမည် ဖြစ်ပါသည်။



# ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ရှယ်ယာဝင်များအကြား ဆက်ဆံရေး

**ကျွန်ုပ်တို့၏ ရှယ်ရာဝင်များ၏ အကောင်းဆုံးအကျိုးများကို ဝန်ဆောင်ပေးရန်နှင့် ရှယ်ရာဝင်တန်ဖိုးကို တည်ဆောက်ပေးရန် အထူးအလေးထားပါသည်။**

## ကျွန်ုပ်တို့သည် ကောင်းမွန်သော အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်မှုကို ထောက်ခံပါသည်။

ကုမ္ပဏီသည် အစိုးရပေါ်လစီများနှင့် အစီအစဉ်များတွင် ပူးပေါင်းပါဝင်ပြီး ၎င်း၏ အဓိက ဦးတည်ချက်မှာ ရှယ်ရာဝင်များအတွက် အရေးပါသော အကာအကွယ်ပေးမှုကို ပြုလုပ်ပေးရန်ဖြစ်သည်။ Colgate ၏ နှစ်ပေါင်းများစွာ စံနှုန်းအဖြစ်ကျင့်သုံးနေသော ကျင့်ဝတ်နှင့်ညီသည့် အဖွဲ့အစည်းအမူအကျင့်များ တိုးတက်စေရန် စစ်ဆေးထိန်းညှိမှုများကို လွန်ခဲ့သောနှစ်များတွင် ကွန်ဂရက်၊ အမေရိကန် လုံခြုံရေးနှင့် ငွေလဲကော်မရှင်၊ New Yourk စတော့ခ်ဈေးကွက်၊ ကမ္ဘာတစ်လွှား အခြား တာဝန်ရှိသူများက ပြုလုပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ ရှယ်ယာဝင်များအား လွတ်လပ်သော ဘုတ်အဖွဲ့ဖြင့် ကောင်းမွန်စွာ ဝန်ဆောင်မှုပေးပြီး ထိုဘုတ်အဖွဲ့တွင် လွတ်လပ်သော ဒါရိုက်တာများ၊ လွတ်လပ်သော ကော်မတီများ အများစု ပါဝင်ကာ စာရင်းစစ်ခြင်း၊ နစ်နာကြေးပေးခြင်းနှင့် အစိုးရဆိုင်ရာများကို ပြုလုပ်ကြပါတယ်။ မကြာခဏ အသစ်ဖြည့်စွက်ပြုပြင်သော ကော်မတီချာတာများနှင့် အစိုးရ စည်းမျဉ်းများသည့် ဒါရိုက်တာ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ ကုမ္ပဏီ၏ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု စည်းမျဉ်းများကို ရှင်းလင်းစွာ ဖွင့်ဆိုပါသည်။

ကုမ္ပဏီ၏ အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်မှုအစီအစဉ်နှင့် ပတ်သက်ပြီး အသေးစိတ်သိလိုပါက ထင်ရှားသော အဖွဲ့အစည်းအုပ်ချုပ်မှုကိစ္စများအတွက် ဘုတ်စည်းကမ်းများနှင့် ကုမ္ပဏီ၏ စာရင်းစစ်ကော်မတီ၊ အမည်တင်သွင်းခြင်းနှင့် ကုမ္ပဏီအုပ်ချုပ်မှု ကော်မတီ၊ ဝန်ထမ်းနှင့် အဖွဲ့အစည်း ကော်မတီနှင့် ဘဏ္ဍာရေးကော်မတီတို့၏ လုပ်ပိုင်ခွင့်များကို ကြည့်ပါ။

## ကျွန်ုပ်တို့သည် ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည့်မှုကို တိုးပွားစေရန် ကြပ်မတ်သော စာရင်းစစ်ခြင်းကို ကျင့်သုံးပါသည်

ကုမ္ပဏီသည် ငွေကြေးအစီရင်ခံစာများအပေါ် အရည်အသွေး၊ သေချာမှုနှင့် ပွင့်လင်းမြင်သာမှုတို့အား ကျင့်သုံးပါသည်။ အဆိုပါ ခံယူချက်အား ကုမ္ပဏီ၏ ရေရှည်လက်စွဲ ပေါ်လစီများနှင့် လုပ်ဆောင်ပုံများကထင်ဟပ်နေပါသည်။ ၎င်းတွင် ကမ္ဘာတစ်လွှား ငွေကြေးထိန်းချုပ်မှုများကို စောင့်ကြည့်သည့် အတွင်းပိုင်း စာရင်းစစ်အဖွဲ့၊ ကျယ်ပြန့်သည့်အာဏာရှိသော လွတ်လပ်သည့် စာရင်းစစ်များ၊ အဆိုပါကဏ္ဍများကို တာဝန်ယူသည့် လွတ်လပ်သော စာရင်းစစ်ကော်မတီတို့ ပါဝင်ကြပါသည်။ အဆိုပါအရင်းမြစ်များ၏ ထိရောက်မှုကို ပိုမိုစေရန် Colgate ဝန်ထမ်းများအား ပွင့်လင်းရိုးဖြောင့်သော ဆက်သွယ်မှုများနှင့် အချက်အလက်များ လွတ်လပ်စွာ ဖလှယ်ခြင်းတို့ကို အတွင်းပိုင်းနှင့် အပြင်ပိုင်း စာရင်းစစ်များ၊ စာရင်းစစ် ကော်မတီများနှင့် ပြုလုပ်စေလိုပါသည်။

ကုမ္ပဏီ၏ အဖွဲ့တွင်းစာရင်းစစ်များ၊ အလွတ်စာရင်းစစ်များနှင့် စာရင်းစစ်ကော်မတီတို့၏ အရေးကြီးသော တာဝန်များအကြောင်း ပိုမိုသိလိုပါက စာရင်းစစ်ကော်မတီလုပ်ပိုင်ခွင့် တွင် လေ့လာပါ။

## ကျွန်ုပ်တို့သည် ရှယ်ယာဝင်များအား ကုမ္ပဏီ၏ တိုးတက်မှုကို အစဉ်မပြတ် အကြောင်းကြားနေပါသည်

နှစ်တိုင်းတွင် ရှယ်ယာဝင်များအား ကုမ္ပဏီ၏ နှစ်ပတ်လည်အစည်းအဝေးသို့ ဖိတ်ခေါ်ပြီး ကုမ္ပဏီ၏ လွန်ခဲ့သောနှစ်အတွင်း တိုးတက်မှုကို ပြန်လည်သုံးသပ်ကာ ရှယ်ယာဝင်များမှ ကုမ္ပဏီ၏ ထိပ်ပိုင်းစီမံခန့်ခွဲမှု အဖွဲ့ဝင်များအား မေးမြန်းခွင့်ကို ရရှိပါသည်။ ကြားလများအတွင်း ရှယ်ယာရှင်များသည် ကုမ္ပဏီဝဘ်ဆိုက်ရှိ ရင်းနှီးမြှုပ်နှံသူစင်တာ သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။

# လိုက်နာရမည့်စည်းကမ်းများအတွက် ကျွန်ုပ်တို့၏တာဝန်ယူမှု

**ကျင့်ဝတ်များကို ရေးသားထားရုံဖြင့် လုံလောက်မှုမရှိပါ - ကျင့်ဝတ်များကို လိုက်နာခြင်းသည် Colgate ဝန်ထမ်းအားလုံး၏ တာဝန်ဖြစ်ပြီး ကျွန်ုပ်တို့၏ ကိုယ်ပိုင်လိုက်နာမှုများသည် ကျွန်ုပ်တို့၏ ကျင့်ဝတ်ဆိုင်ရာ မြင့်မားသော စံနှုန်းများကို ထင်ဟပ်နေရပါမည်။**

## ရှင်းလင်းသော ဆက်သွယ်မှုများသည် မရှိမဖြစ် အရေးပါပါသည်

ကျွန်ုပ်တို့တစ်ဦးစီသည် ကုမ္ပဏီ၏ ကျင့်ဝတ်အညီလုပ်ကိုင်ခြင်း၊ အကျုံးဝင်သော ဥပဒေ လုပ်ထုံးလုပ်နည်းအားလုံး၊ ကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာစီးပွားရေး ကျင့်သုံးမှုမူဝါဒနှင့် အခြားမူဝါဒများတွင်ပါသည့် လမ်းညွှန်ချက်များ၊ ကျွန်ုပ်တို့ကုမ္ပဏီနှင့် ၎င်း၏ လုပ်ငန်းခွဲများ၊ လုပ်ငန်းအဖွဲ့များ၊ ဌာနခွဲများမှ ချမှတ်သော လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များကို လိုက်လျောညီထွေစွာ လိုက်နာရန် လိုအပ်ပါသည်။

မန်နေဂျာများအနေဖြင့် ယခုစံနှုန်းများကို ၎င်းတို့နှင့် အလုပ်အတူလုပ်သော Colgate ဝန်ထမ်းများကို ပြောဆိုရှင်းပြပြီး ဝန်ထမ်းများ ကျင့်ဝတ်နှင့် ဥပဒေရေးကိစ္စများကို လွတ်လပ်စွာဆွေးနွေးနိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးရန် လိုအပ်ပါသည်။

## လမ်းညွှန်မှုနှင့် အထောက်အပံ့ လိုအပ်ပါက ကျွန်ုပ်တို့တွင် ဌာနတွင်း အရင်းအမြစ်များ ရှိပါသည်

ကျင့်ထုံးများသည် မေးခွန်းအားလုံးအတွက် တိကျသောအဖြေများကို မပေးနိုင်ပါ။ ထို့အတွက် ကျွန်ုပ်တို့သည် လူတစ်ဦးစီ၏ ကောင်းမွန်သော အသိစိတ်ကို အဓိကအားထားရမည်ဖြစ်ပြီး ၎င်းသည် ကုမ္ပဏီ၏ မြင့်မားသော စံနှုန်းများကို လိုက်နာကာ သင့်လျော်သော ပြုမူမှုအတွက် မည်သည့်အချိန်တွင် လမ်းညွှန်မှုကို ရယူရန်လိုအပ်သည်ဟု သိမြင်သော စိတ်အခြေခံလည်း လိုအပ်ပါသည်။ အခြေအနေတစ်ရပ်အတွက် မေးမြန်းလိုသည်များရှိပါက သို့မဟုတ် အကောင်းဆုံးလုပ်ဆောင်မှုအတွက် သံသယရှိပါက အောက်ဖော်ပြပါအတိုင်း လမ်းညွှန်မှုကို ရယူပါ-

## ကျွန်ုပ်အကူအညီလိုပါက ဘယ်သွားရမည်နည်း။

### သင်၏ မန်နေဂျာ

စိုးရိမ်မှုများကို ဆွေးနွေးရန် သို့မဟုတ် မေးစရာများရှိပါက သင့်မန်နေဂျာ သို့မဟုတ် အဖွဲ့အစည်း ခေါင်းဆောင်ပိုင်းမှ အဖွဲ့ဝင်တစ်ဦးနှင့် ပြောဆိုပါ။

### လူ့စွမ်းအားအရင်းအမြစ်

သင်၏ ဌာနတွင်း လူ့စွမ်းအားအရင်းအမြစ် တာဝန်ခံသည် အကြံပြုတိုင်ပင်ရန် အသုံးဝင်သော အရင်းအမြစ်နောက်တစ်ခု ဖြစ်ပါသည်။

### ဥပဒေဆိုင်ရာ

ကမ္ဘာလုံးဆိုင်ရာ ဥပဒေအဖွဲ့မှ တစ်ဦးဦးကို ဆက်သွယ်ပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်း သို့မဟုတ် မူဝါဒဆိုင်ရာ မေးမြန်းလိုသည် သို့မဟုတ် ရယူဆိုသော အကြံဉာဏ်/ အကူအညီများကို ဆွေးနွေးပါ။

### ကျင့်ဝတ်နှင့် လိုက်လျောညီထွေမှု

အချို့သောအခြေအနေတစ်ခုခုတွင် မည်ကဲ့သို့မူဝါဒကိုအသုံးချပုံ သို့မဟုတ် လွဲမှားသောလုပ်ရန် ဖြစ်နိုင်ချေရှိပါက "ဖွင့်ဟပြောဆို" ရန် လမ်းညွှန်ချက်ရယူလိုပါက သို့မဟုတ် မေးမြန်းလိုသည်များရှိပါက ကျင့်ဝတ်နှင့်လိုက်နာမှုဌာနသို့ ဆက်သွယ်ပါ။

# ဖွင့်ဟပြောဆို

# စိတ်ပူပန်စရာရှိသည်ကို တိုင်ကြားရန် ဖွင့်ဟပြောဆိုပါသည်

သင်သည် ကျင့်ဝတ်၊ လုပ်ငန်းလုပ်ဆောင်ပုံလမ်းညွှန်ချက်များ သို့မဟုတ် ကုမ္ပဏီ၏ အခြားသောမူဝါဒများကို ဖောက်ဖျက်ခြင်းရှိသည် သို့မဟုတ် ထိုသို့ရှိကြောင်း သံသယဝင်ရန် ကောင်းမွန်သော အကြောင်းပြချက်ရှိပါက သင်သည် သင်၏မန်နေဂျာ၊ လူ့စွမ်းအား အရင်းအမြစ်၊ အလုံးစုံကျင့်ဝတ်နှင့် လိုက်နာမှုသို့မဟုတ် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့သို့ ချက်ချင်းသတင်းပို့ရန် လိုအပ်ပါသည်။ အခြားနည်းအားဖြင့် သင်သည် ကြောက်ရွံ့စရာမလိုဘဲ အမြင့်ပိုင်း စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများထံ သွားရောက်တွေ့ဆုံသင့်ပါသည်။

### အီးမေးလ်
ethics@colpal.com

### ဝက်ဘ်ဆိုက်တူးလ်

### အသံမေးလ်
(800) 778-6080
(ယူအက်စ်၊ ကနေဒါနှင့် ပေါ်တိုရီကိုမှ နယ်ဝေးခေါ်ဆိုခ အခမဲ့ဖြစ်ပါသည်)
+1 (212) 310-2330
(အခြားဒေသ အားလုံးအတွက်)

### မေးလ်
Global Ethics & Compliance
Colgate-Palmolive Company
300 Park Ave၊
New York ၊ NY 10022

### မိုဘိုင်းလ်အက်ပ်
CP အက်ပ်စတိုးမှ ဒေါင်းလုပ်လုပ်ပြီး သုံးနိုင်ပါသည်။

### ဖက်စ်
+1 (212) 310-3745

# ကျွန်ုပ်အပေါ် ဆိုးကျိုးဖြစ်စေမည့် မည်သည့်အရေးယူမှုမျိုးမှ ပြုလုပ်မည်မဟုတ်ကြောင်း ကျွန်ုပ်မည်သို့ သေချာသိနိုင်မည်နည်း။

## လက်တုံ့ပြန်ခြင်းမပြုသော မူဝါဒ

အမြင့်မားဆုံး ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းထားရှိရန်နှင့် မသင့်လျော်သော သို့မဟုတ် ဥပဒေနှင့်မညီညွတ်သော အပြုအမူများကင်းစင်ပြီး လူအများသည် လက်စားချေတုန့်ပြန်ခံရမည်ကို မကြောက်ဘဲ မိမိတို့၏ ပြဿနာများအား ကုမ္ပဏီနှင့် မျှဝေရန် အားပေးထားသည့် လုပ်ငန်းခွင်တစ်ခုကို ဖန်တီးရန်မှာ Colgate ၏ မူဝါဒနှင့် ဆောင်ရွက်မှုများ ဖြစ်ပါသည်။ နောက်ဆက်တွဲအနေဖြင့် Colgate တွင် တိုင်ကြားမှုပြုလုပ်သည့် ဆောင်ရွက်ချက် သို့မဟုတ် ပေးအပ်သည့် သတင်းအချက်အလက်သည် တမင်မှားယွင်းခြင်း သို့မဟုတ် စိတ်ကောင်းစေတနာ ဖြင့်ပြုလုပ်ခြင်းတို့ မဟုတ်ကြောင်း မတွေ့ရှိခဲ့လျှင် ကုမ္ပဏီ၏ စည်းမျဉ်း၊ ကုမ္ပဏီ၏ မူဝါဒ သို့မဟုတ် လိုက်နာရမည့် ဥပဒေအား ဖောက်ဖျက်ခြင်းကြောင်း သံသယရှိသည့် စုံစမ်းစစ်ဆေးမှုတွင် တိုင်ကြားခြင်း၊ သတင်းပေးပို့ခြင်း၊ ပါဝင်ခြင်း သို့မဟုတ် ကူညီခြင်း ပြုသူ မည်သည့် ဝန်ထမ်း၊ ဝန်ထမ်းဟောင်း၊ ကိုယ်စားလှယ် သို့မဟုတ် ပြင်ပလူပုဂ္ဂိုလ်တို့မဆို အား ဆိုးကျိုးများ ပေါ်ပေါက်လာမည် မဟုတ်ပါ။ ဖြစ်နိုင်သည့် အမြင့်ဆုံးအတိုင်းအတာ အထိ Colgate သည် အားလုံးသော တိုင်ကြားမှုများကို လျှို့ဝှက်စွာ ထားရှိသွားပါမည်။ လက်တုန့်ပြန်မှုအား တိုင်ကြားမှုအားလုံးကို စုံစမ်းစစ်ဆေးပြီး အကယ်၍လိုအပ်လျှင် အလုပ်မှ ရပ်ဆိုင်းခြင်း အထိပါဝင်သော စည်းကမ်းရေးရာ ဆောင်ရွက်မှုများ ပြုလုပ်ပါမည်။

ကမ္ဘာလုံးဆိုင်ရာကျင့်ဝတ်နှင့် လိုက်နာမှုဌာနသို့ပေးပို့လာသော သတင်းအချက်အလက်အားလုံးကို ပြန်လည်ဆန်းစစ်ပါသည်။ အကယ်၍ မူဝါဒနှင့်သက်ဆိုင်ပါက ကမ္ဘာလုံးဆိုင်ရာကျင့်ဝတ်နှင့် လိုက်နာမှု/သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာဥပဒေအဖွဲ့အစည်းမှ စေ့စပ်သေချာစွာ ချက်ချင်းစုံစမ်းစစ်ဆေးပါသည်။ အရေးကြီးသည်မှာ အစီရင်ခံသူသည် မိမိတို့ဘာသာ စုံစမ်းစစ်ဆေးမှုများ မပြုရန်ဖြစ်သည်။ စုံစမ်းစစ်ဆေးမှုများသည် ရှုပ်ထွေးသော ဥပဒေရေးပြဿနာများ ပါဝင်နိုင်ပါသည်။ သင့်ဘာသာ ဆောင်ရွက်ခြင်းသည် စုံစမ်းစစ်ဆေးမှု၏ စွမ်းရည်ကို ထိခိုက်စေပြီးသင်နှင့်တကွ Colgate ကို ဆိုးရွားသော သက်ရောက်မှု ဖြစ်စေနိုင်ပါသည်။


အစီရင်ခံစာများအား ဥပဒေနှင့်အညီ မည်သူမည်ဝါဟု မဖော်ပြဘဲ ပြုလုပ်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် သင်ဖုန်းခေါ်သောအခါ သင့်ကိုယ်သင်မည်သူဟု ဖော်ပြရန် တိုက်တွန်းပါသည်။ သို့မှသာ စုံစမ်းစစ်ဆေးမှုနှင့် နောက်ဆက်တွဲကို ချောမွေ့လွယ်ကူစေရန် အကူအညီရမည် ဖြစ်ပါသည်။ အချို့နိုင်ငံများတွင် သင်အစီရင်ခံနိုင်သော အချက်အလက်အမျိုးအစားကို ကန့်သတ်ထားသည့် ဥပဒေများ ရှိပါသည်။ သင့်အဖြစ်အပျက်တွင် အဆိုပါဥပဒေများ သက်ရောက်မှုရှိပါက အလုံးစုံကျင့်ဝတ်နှင့် လိုက်နာမှု တာဝန်ရှိသူမှ သင့်မေးမြန်းမှု သို့မဟုတ် ပြဿနာကို ကူညီပေးရန်အတွက် သင့်လုပ်ငန်းအစုထဲမှ တစ်စုံတစ်ဦးထံ ညွှန်းပါလိမ့်မည်။

သို့သော် သင့်ကိုယ်သင် ဖော်ပြလိုပါက ကုမ္ပဏီသည် ပုဂ္ဂိုလ်ရေး အချက်အလက်နှင့် ပေးအပ်သော အချက်အလက်များကို လျှို့ဝှက်အဖြစ်ထိန်းသိမ်းရန် လိုအပ်သော အဆင့်အတိုင်း ဆောင်ရွက်မည်ဖြစ်ပြီး အချက်အလက်ကို ထုတ်ပြောခြင်းအား လိုအပ်မှုရှိမှသာ အောက်ပါအခြေအနေတို့တွင် လုပ်ဆောင်ပါမည်-

- ထိရောက်သော စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်နှင့် သင့်လျော်သော အရေးယူမှုပြုလုပ်ရန် လိုအပ်သောအခါ သို့မဟုတ်
- သက်ရောက်မှုရှိသော ဥပဒေအရ လိုအပ်လာသောအခါ။

အစီရင်ခံစာ သို့မဟုတ် တိုင်ကြားမှုတွင် ပုဂ္ဂိုလ်ရေးအချက်အလက်များ ပါနိုင်ပါသည်။ ဖောက်ဖျက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကြောင်း သံသယရှိမှုကို စုံစမ်းစစ်ဆေးရန်အတွက် ဒေသတွင်းဥပဒေနှင့်အညီ နိုင်ငံတစ်နိုင်ငံမှအချက်အလက်ကို အမေရိကန်အပါအဝင် အခြားနိုင်ငံများသို့ လွှဲပြောင်းပေးရန် လိုအပ်နိုင်ပါသည်။ အဆိုပါကိစ္စမျိုးတွင် ပုဂ္ဂိုလ်ရေးအချက်အလက်ကို အလုံးစုံကျင့်ဝတ်နှင့် လိုက်နာမှုတွင် ပါဝင်နေသော ကုမ္ပဏီဝန်ထမ်းနှင့် Colgate တာဝန်ရှိသူတို့မှ အစီရင်ခံစာကိုစစ်ဆေးရန် သုံးမည်ဖြစ်သော်လည်း ထိုအတွက် လိုအပ်သည့် ကာလတစ်ခုသာ ဖြစ်ပါသည် (ထို့နောက်တွင် အဆိုပါ ကိုယ်ရေးအချက်အလက်အား ဖျက်ဆီးခြင်း သို့မဟုတ် ကုမ္ပဏီပေါ်လစီ သို့မဟုတ် ဥပဒေ လိုအပ်ချက်အရ ထိန်းသိမ်းထားခြင်း ပြုလုပ်ပါမည်)။

# ကမ္ဘာ့လုံးဆိုင်ရာကျင့်ဝတ်နှင့် လိုက်နာမှုဌာနသို့ COLGATE ဝန်ထမ်းက ဖွင့်ဟပြောဆိုလာသောအခါ မည်သို့ဆက်ဖြစ်မည်နည်း။




## ကမ္ဘာ့လုံးဆိုင်ရာကျင့်ဝတ်နှင့် လိုက်နာမှုဌာနထံသို့ သတင်းပေးပို့ရန်မလိုအပ်သော ပူပန်စရာများအကြောင်း ဥပမာများမှာ

- ဘောနပ်စ်အစီအစဉ်များ သို့မဟုတ် ဘောနပ်စ်ပေးခြင်း
- လခပေးခြင်းဆိုင်ရာ ကိစ္စများ
- ခွင့်ရက်များ သို့မဟုတ် အားလပ်ချိန်များ
- တစ်ဦးစီ၏ ဦးတည်ချက်များ
- အလုပ်ချိန်ဇယား သို့မဟုတ် အပြောင်းအရွှေ့
- အလုပ်တက်ခြင်း
- ကျန်းမာရေး သို့မဟုတ် မသန်စွမ်းခြင်းဆိုင်ရာ အကျိုးခံစားခွင့်တို့ဖြစ်ပါသည်။

အဆိုပါ ပူပန်မှုအမျိုးအစားများကို ပုံမှန်အားဖြင့် လူ့စွမ်းအားရင်းမြစ်ဌာနသို့ ပေးပို့ရပါမည်။

# စည်းကမ်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများ ပြုလုပ်ပါသည်

ကုမ္ပဏီသည် ကျင့်ဝတ် သို့မဟုတ် လုပ်ငန်းလုပ်ဆောင်မှုလမ်းညွှန်ချက်များအပေါ် မည်သည့်ဖောက်ဖျက်မှုမဆို "လုံးဝလျစ်လျူမရှုသော" မူဝါဒ ရှိပါသည်။

ဆိုလိုသည်မှာ ဖောက်ဖျက်မှုရှိသည်ဟု ဖော်ထုတ်မိပါက ဖောက်ဖျက်မှုနှင့် ကိုက်ညီမှုရှိသော သင့်လျော်သည့် အရေးယူမှုကို ပြုလုပ်ပါမည်။

## လုပ်ဆောင်နိုင်သည့် ဥပမာများတွင်

- လုပ်ငန်းအဆင့်တိုးတက်မှုများ
- မူဝါဒချမှတ်ရေး သို့မဟုတ် ပြန်လည်ဆန်းစစ်ခြင်း
- ဆက်သွယ်ရေးနည်းဗျူဟာ
- နည်းပြ သို့မဟုတ် ဆရာမှ တာဝန်ပေးအပ်ခြင်း
- စည်းကမ်းပိုင်းဆိုင်ရာဆောင်ရွက်ချက်
- အလုပ်ခန့်အပ်မှုကို ရပ်ဆိုင်းခြင်းတို့ပါဝင်သည်။

ကုမ္ပဏီရှိ မည်သည့်လူ သို့မဟုတ် မန်နေဂျာမျှ ကျင့်ဝတ်နှင့်မညီသော အပြုအမူကို လုပ်ဆောင်ခွင့် မရှိပါ သို့မဟုတ် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လုပ်ဆောင်ရန် ခိုင်းစေခြင်း၊ ညွှန်ကြားခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်လွှတ်ခြင်း မပြုနိုင်ပါ။ ကုမ္ပဏီသည် ကျင့်ဝတ် သို့မဟုတ် လုပ်ငန်းလုပ်ဆောင်မှုလမ်းညွှန်ချက်များကို ဖောက်ဖျက်မှုများ ဟန့်တားနိုင်ရန် ရည်ရွယ်ထားပြီး ထိုသို့ ဖြစ်လာပါက ထုတ်ဖော်သိရှိရသည်နှင့် ရပ်တန့်ရန် ကြိုးစားပါမည်။ ကျင့်ဝတ် သို့မဟုတ် လုပ်ငန်းလုပ်ဆောင်မှုလမ်းညွှန်ချက်များကို ဖောက်ဖျက်သည့် Colgate ဝန်ထမ်းများသည် အလုပ်မှရပ်ဆိုင်းခြင်းနှင့် ဒေသတွင်း ဥပဒေအရ အရေးယူမှုအပါအဝင် စည်းကမ်းပိုင်း အရေးယူမှုများကို ရင်ဆိုင်ရပါမည်။

# မူဝါဒသည် COLGATE ဝန်ထမ်းများအားလုံးနှင့် လုပ်ဆောင်ချက်များတွင် အကျုံးဝင်သည်

ကျင့်ဝတ်များနှင့် လုပ်ငန်းလုပ်ဆောင်မှုလမ်းညွှန်ချက်များကို လိုက်နာခြင်းအားအလုံးစုံကျင့်ဝတ်နှင့်လိုက်နာမှုဌာနမှ စောင့်ကြည့်လေ့လာပါမည်။ ဌာနမှ စီအီးအို/ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Colgate ဒါရိုက်တာဘုတ်အဖွဲ့၏ စာရင်းစစ်အဖွဲ့ဥက္ကဋ္ဌ တို့ထံ ကျင့်ဝတ်နှင့် ဆက်စပ်အစီအစဉ်တို့၏ အရင်းတည်မှု၊ ဖြစ်ပျက်မှု၊ ဖြေရှင်းမှုတို့နှင့် ပတ်သက်ပြီး အစီရင်ခံသွားပါမည်။

အလုံးစုံကျင့်ဝတ်နှင့်လိုက်နာမှုဌာနသို့ သို့မဟုတ် အခြားလမ်းကြောင်းမှ သတင်းပို့သော အချက်အလက်များကို သင့်လျော်မှုရှိပါက စာရင်းစစ်ကော်မတီသို့ လျှို့ဝှက်အဖြစ် အကြောင်းကြားပါသည်။

မူဝါဒသည် ရုံးဝန်ထမ်းအရာရှိများအပါအဝင် Colgate-Palmolive တွင်အလုပ်လုပ်သူတိုင်းနှင့် ၎င်းတို့၏လက်အောက်ဝန်ထမ်းများပါ အကျိုးသက်ရောက်ပါသည်။ မူဝါဒမိတ္တူများကို ကျွန်ုပ်တို့၏အလုပ်အတွင်းသုံးဝက်ဘ်ဆိုဒ်များနှင့် ပြင်ပသုံးဝက်ဘ်ဆိုဒ်များတွင်ပါရရှိနိုင်ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ Colgate ဝန်ထမ်းများသည် ကုမ္ပဏီ၏ ကျင့်ဝတ်စံနှုန်းများကို လိုက်နာကြောင်း ပြသရန် ကျင့်ဝတ်ဆိုင်ရာသင်တန်းကို နှစ်စဉ်တက်ရောက်ကြပါသည်။

# မေးစရာရှိပါသလား သင့်အား လမ်းကြောင်းမှန်အပေါ်သို့ ခေါ်သွားခွင့်ပြုပါ။

လက်ဆောင်များပေးခြင်း သို့မဟုတ် လက်ခံခြင်းနှင့်ပတ်သက်ပြီး ကုမ္ပဏီ၏လမ်းညွှန်ချက်များမှာ မည်သို့နည်း။

လက်တုံ့ပြန်မှုနှင့် ပတ်သက်ပြီး ကျွန်ုပ်တွင် စိတ်ပူစရာရှိသည်။ ကုမ္ပဏီ၏မူဝါဒမှာ မည်သို့နည်း။

လူမှုမီဒီယာများကို Colgate ဝန်ထမ်းများအသုံးပြုခြင်းနှင့်ပတ်သတ်ပြီး ကုမ္ပဏီမှ မည်သို့မျှော်လင့်ထားပါသလဲ။

ကျွန်ုပ်သည် လူ့အဖွဲ့အစည်းမန်နေဂျာတစ်ယောက်အနေနှင့် လူ့ကျင့်ဝတ်ဆိုင်ရာခေါင်းဆောင်မှုကို မည်သို့သရုပ်ပြပါသလဲ။

အနှောင့်အယှက်ပေးမှုနှင့်ပတ်သက်ပြီး ကုမ္ပဏီ၏မူဝါဒမှာ မည်သို့နည်း။

အကယ်၍ ကျွန်ုပ်အနေနှင့် "ဖွင့်ဟပြောဆို" ရန် လိုအပ်လာပါက မည်သည့်ရွေးချယ်စရာများရှိပါသလဲ။

ကျွန်ုပ်သည် Colgate အပြင် အခြားအလုပ်အကိုင်တစ်ခုလုပ်မည်ဆိုပါက အဆင်ပြေပါသလား။

ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်ဆိုသည်မှာ အဘယ်နည်း။

COLGATE-PALMOLIVE COMPANY

300 Park Avenue
New York, NY 10022
212-310-2000
www.colgatepalmolive.com